# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 1 April 2021 ၁၀၃၃၄


## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
(၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်)
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

၁။ တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် ဆက်လက်ဆွေးနွေးဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အမြန်ဆုံး ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီတို့ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

၃။ အဆိုပါ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင်

စာမျက်နှာ ၄ ကော်လံ ၁ သို့

## ဒေသအလိုက် ဝမ်းစာဖူလုံအောင်ဆောင်ရွက်ခြင်းဖြင့် ငွေကြေးလည်ပတ်မှုကောင်းမွန်လာပြီး ဒေသစီးပွားရေး တိုးတက်ကောင်းမွန်လာမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၂၁)တွင် အမှာစကား ပြောကြားစဉ်။

နေပြည်တော် မတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၄/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ
ယနေ့ ဖတ်စရာ


အမှန်တရားကို ကြာရှည်ဖုံးကွယ်ထား၍မရပါ
ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံ့အရေး ဆွေးနွေးဖလှယ်
ဆောင်းပါး စာမျက်နှာ » ၁၀

အဂတိလိုက်စားမှု၏ သဘောသဘာဝများ
ဆောင်းပါး စာမျက်နှာ » ၁၅

- ☆ **ဒေသအလိုက် စားသောက်ကုန်များ ဖူလုံအောင် စိုက်ပျိုး ထုတ်လုပ်၍ ပြင်ပသွင်းကုန်များလျှော့ချခြင်းဖြင့် ငွေကြေး သုံးစွဲမှုကို လျှော့ချနိုင်**
- ☆ **ဒေသတွင်းငွေကြေးပိုင်ဆိုင်မှုများပြားလာပြီး သုံးလိုအားနှင့် ဝယ်လိုအား ကောင်းမွန်လာမည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်**
- ☆ **ဒေသအလိုက် ဝမ်းစာဖူလုံအောင် ဆောင်ရွက်ခြင်းဖြင့် ငွေကြေး လည်ပတ်မှုကောင်းမွန်လာပြီး ဒေသစီးပွားရေး တိုးတက်ကောင်း မွန်လာမည်**
- ☆ **စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌သာ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်မည်**

❒ ရှေ့ဖုံးမှ

ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) မှတ်တမ်းကို အတည်ပြုသည်။

**အဓိကတာဝန်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး အဆင်ပြေစေရေးနှင့် တိုင်းပြည်၏စီးပွားရေး တိုးတက်အောင် ဆောင်ရွက်ရေးအတွက် အဓိကတာဝန်ရှိကြောင်း၊ **မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်၍ အသေးစိတ် စီမံဆောင်ရွက်လျက်ရှိကြောင်း၊** ရေရှည်ဆောင်ရွက်ရမည့် ကိစ္စများဖြစ်သော်လည်း အချိန်တိုကာလအတွင်း မိမိတို့ကော်မတီအနေဖြင့် စဉ်းစားဆုံးဖြတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းပြည် တည်ဆောက်ရာတွင် ဦးတည်ချက် စိတ်ကူးကို ဦးစွာတည်ဆောက်ပြီး ဖြစ်နိုင်သည်များကို နည်းလမ်းပေါင်းစုံမှ အကောင်အထည်ဖော် တည်ဆောက်ရခြင်းဖြစ်ကြောင်း။

**ပြည်သူတစ်ဦးချင်းစီ၏ စားဝတ်နေရေး ပြည့်စုံကောင်းမွန်ရန်နှင့် အေးချမ်းစွာ နေနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ဆောင်ရွက်ပြီး ပြည်သူလူထု ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့်** ပြည့်စုံအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏စားဝတ်နေရေးနှင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက လုပ်ငန်းဆက်စပ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့်လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းပြည်၏ စားဝတ်နေရေးဖူလုံရန် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **"အူမတောင့်မှ သီလစောင့်မည်" ဆိုသည့်အတိုင်း စားရေးသည် အရေးကြီးသဖြင့် ဝမ်းစာဖူလုံရေးသည် အရေးကြီး**ကြောင်း၊ ကမ္ဘာပေါ်တွင် အဓိကစားသုံးသည်မှာ ဆန်နှင့်ဂျုံဖြစ်ကြောင်း၊ **မိမိတို့တိုင်းပြည်ရှိ မြေသယံဇာတများကို အသုံးပြု၍ ဆန်၊ ပဲ၊ ဆီနှင့် အခြားဒေသနှင့်ကိုက်ညီသော သီးနှံများကို ရွေးချယ်စိုက်ပျိုးရန်လိုကြောင်း။**

မိမိတို့နိုင်ငံတွင် ဆီဖူလုံမှုရှိသော်လည်း စားသုံးရန်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်ပနိုင်ငံများမှ စားအုန်းဆီ တင်သွင်းနေရမှုများရှိကြောင်း၊ **မိမိတို့နိုင်ငံရှိ ဆီအုန်းစိုက်ပျိုးမှုများကို တနင်္သာရီတိုင်းအောက်ပိုင်းတွင် အောင်မြင်အောင် ပြုလုပ်၍ ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်ပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ ဆီများကြိတ်ခွဲထုတ်လုပ်ရာတွင်လည်း နည်းပညာလိုအပ်ချက်များရှိသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ တစ်နိုင်ငံလုံး ဆန်ဖူလုံမှုအနေဖြင့် ၁၃၃ ရာခိုင်နှုန်းရှိသော်လည်း ချင်းပြည်နယ်တွင် ၄၀ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၆၂ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၇၀ ရာခိုင်နှုန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၈ ရာခိုင်နှုန်းသာ ဖူလုံမှုရှိကြောင်း၊ **ဒေသအလိုက် စားသောက်ကုန်များ ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်၍ ပြင်ပသွင်းကုန်များ လျှော့ချခြင်းဖြင့် ငွေကြေးသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊** ထို့ကြောင့် ဒေသတွင်းငွေကြေးပိုင်ဆိုင်မှုများပြားလာပြီး သုံးလိုအားနှင့် ဝယ်လိုအား ကောင်းမွန်လာမည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ **ဒေသအလိုက် ဝမ်းစာဖူလုံအောင်ဆောင်ရွက်ခြင်းဖြင့် ငွေကြေးလည်ပတ်မှုကောင်းမွန်လာပြီး ဒေသစီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌သာ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း၊** တိုင်းပြည်ကြွယ်ဝချမ်းသာမှုသည် ဘဏ္ဍာငွေပိုင်ဆိုင်မှု၊ GDP မြင့်မားမှု၊ လုပ်ငန်းလည်ပတ်သုံးစွဲငွေကြေးများပြားမှုနှင့် နိုင်ငံပိုင်အရန် ငွေကြေးပိုင်ဆိုင်မှုတို့အပေါ်တွင် မူတည်ကြောင်း။

- ☆ **နွေရာသီတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်အပြင် ဆိုလာစနစ်ဖြင့် ဓာတ်အားရရှိရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိ**
- ☆ **ကာလတိုအတွင်း ဒေသအလိုက် လျှပ်စစ်ဓာတ်အား အလုံ အလောက်ရရှိနိုင်ရေး ဦးစားပေးဆောင်ရွက်စေလို**

**နိုင်ငံ၏စီးပွားရေးကောင်းမွန်ရန်အတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များသည် ပညာရည်မြင့်မားရန်နှင့် ကျန်းမာရေးကောင်းမွန်နေရန် လိုအပ်ကြောင်း၊** ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ကော်မတီမှရှိပြီး မဟာဗျူဟာများအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့သည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဖွဲ့အစည်းဖြစ်ပြီး ကာလတိုအတွင်း ဆောင်ရွက်ရခြင်းဖြစ်သော်လည်း ရရှိသည့်အချိန်ကာလအတွင်း တိုင်းပြည်တိုးတက်ရေးအတွက် သာမန်မျှမစဉ်းစားဘဲ ထဲထဲဝင်ဝင် စဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း၊ ယခင်အစိုးရကာလကျန်ရှိသည့် လုပ်ငန်းများကိုလည်း မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **ဘဏ္ဍာငွေအရအသုံးစာရင်း လျာထားရာတွင် အမှန်တကယ် ရငွေ၊ သုံးငွေများကို သေချာစွာ စိစစ်ရန်လိုအပ်ပြီး မဖောင်းပွရန် လိုအပ်ကြောင်း၊** ထို့ပြင် **အမှန်တကယ် လိုအပ်သည်ကိုသာ လျာထားရန် လိုအပ်ပြီး တိုင်းပြည်အတွက် အရှုံးမဖြစ်စေလို**ကြောင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ **စည်းစနစ်တကျ သုံးစွဲရန်လိုကြောင်း၊** လျှပ်စစ်ဓာတ်အား ဝယ်ယူရေးနှင့်ပတ်သက်၍ တိုင်းပြည်နစ်နာမှု မရှိစေရေး စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍကို အားပေးလိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ **နွေရာသီတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်အပြင် ဆိုလာစနစ်ဖြင့် ဓာတ်အားရရှိရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊** ကာလတိုအတွင်း ဒေသအလိုက် လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိနိုင်ရေး ဦးစားပေးဆောင်ရွက်စေလိုကြောင်း။

နိုင်ငံခြားသားများ အမြဲတမ်းနေထိုင်ခွင့်နှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိမည့်သူများ ဖြစ်ရန်လိုပြီး တရားဥပဒေနှင့်အညီ နေထိုင်ခြင်း ရှိ/ မရှိ သေချာစွာ စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ **ပြည်ပရောက် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လက်ခံရာတွင်လည်း ၎င်းတို့အနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုပြီး Dual Citizen မဖြစ်ရန် လိုအပ်ကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ သေချာစွာ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

**ဆောင်ရွက်ပေးရန်လို**

လမ်းအသုံးပြုခ ကောက်ခံခြင်းနှင့်ပတ်သက်၍ အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ပေးထားကြောင်း၊ **လမ်းမကြီးများဥပဒေအရ လမ်းနယ်များ စနစ်တကျရှိရန် လိုအပ်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက မှန်မှန်ကန်ကန် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ လမ်းညွှန်အမှတ်အသားများကို စည်းကမ်းနှင့်အညီ ပြည့်စုံစွာတပ်ဆင်ထားရန်လိုကြောင်း၊** လမ်းနယ်များနှင့် စိုက်ပျိုးမြေများတွင် အဆောက်အဦများ ဆောက်လုပ်လျက်ရှိပြီး လယ်မြေများ၊ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် အသုံးချဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယင်းတို့ကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခွင့်ပြုပေးထားပြီးဖြစ်ပြီး ထုတ်ပြန်ထားသည့် COVID – 19 ဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ပြည်သူများ နားလည်သဘောပေါက်သိရှိအောင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးရန်လိုကြောင်း။

ဒေသဝမ်းစာဖူလုံရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးနှင့် စိုက်ပျိုးနည်းစနစ်များကို သုတေသနပြုရှာဖွေဖော်ထုတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသဝမ်းစာမဖူလုံသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဦးစားပေးပြီး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ **ဖွံ့ဖြိုးတိုးတက်ရေးတွင် သုတေသနနှင့် ဖွံ့ဖြိုးရေး (R & D) မှာ အလေးထားဆောင်ရွက်ရန်** လိုသဖြင့် ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများတွင်လည်း **သုတေသနလုပ်ငန်းများပြုလုပ်၍ နည်းလမ်းရှာဖွေဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း**ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- ☆ **တိုင်းပြည်၏ စားဝတ်နေရေး ဖူလုံရန်မဖြစ်မနေ ဆောင်ရွက် ပေးရမည်**
- ☆ **"အူမတောင့်မှ သီလစောင့်မည်" ဆိုသည့်အတိုင်း စားရေးသည် အရေးကြီးသဖြင့် ဝမ်းစာဖူလုံရေးသည် အရေးကြီး**
- ☆ **ကမ္ဘာပေါ်တွင် အဓိကစားသုံးသည်မှာ ဆန်နှင့်ဂျုံဖြစ်**
- ☆ **မိမိတို့တိုင်းပြည်ရှိ မြေသယံဇာတများကိုအသုံးပြု၍ ဆန်၊ ပဲ၊ ဆီနှင့် အခြားဒေသနှင့်ကိုက်ညီသော သီးနှံများကို ရွေးချယ် စိုက်ပျိုးရန်လို**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး
၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး
၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**◌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှ**

ဆက်လက်ဆွေးနွေးခြင်း၊ (NCA)လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ရေး၊ ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ လိုအပ်သည်များအား ဆက်လက်ဆွေးနွေးသွားနိုင်ရေးနှင့် မြန်မာသင်္ကြန်ပွဲတော်အား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် - ၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ ကျင်းပသွားနိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ ရပ်ဆိုင်းပေးသွားမည်ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန် လျှောက်လှမ်းနိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများ တိုးမြှင့်ရပ်စဲပေးထားသည့်ကာလများကို ယခင်ကထက် ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြု၍ ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# (၂၅) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ





နေပြည်တော် မတ် ၃၁

(၂၅)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီဝန်ကြီးများအဆင့်အစည်းအဝေးကို ၂၀၂၁ ခုနှစ်၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကြီးမှူး၍ ယနေ့ မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးဖြစ်သော သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်၏ ဦးစားပေးကဏ္ဍများ၊ ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၊ (၃၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်ကြီးများက အတည်ပြုမည့် ကြေညာချက်များနှင့် မှတ်တမ်းတင်ရှိမည့် လုပ်ငန်းစဉ်များကို အတည်ပြုဆွေးနွေးခဲ့ကြသည်။

(၃၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုမည့် နိုင်ငံတည်ဆောက်မှုနှင့် အသိုက်အဝန်းတိုးတက်ရေးအတွက် မိသားစုများအရေးပါမှုအပေါ် အာဆီယံခေါင်းဆောင်များ၏ သဘောထားကြေညာချက်အပါအဝင် လုပ်ငန်းစဉ် ခုနစ်ခုနှင့် ၂၀၂၁-၂၀၂၅ အတွင်း ရွှေ့ပြောင်းသွားလာမှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ အာဆီယံ ကြေညာချက်ဖော်ဆောင်နိုင်ရေးဒေသစီမံချက်၊ အာဆီယံဖွံ့ဖြိုးတိုးတက်မှုအလားအလာ အစီအစဉ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၊ အာဆီယံ-ဇီဝနားလည်မှုစာချွန်လွှာ ချုပ်ဆိုရေးအတွက် နှစ်စဉ်ပူးပေါင်း ဆောင်ရွက်ရေးစီမံချက်တို့ အပါအဝင် အာဆီယံရာသီဥတုပြောင်းလဲမှုဆိုင်ရာအစီရင်ခံစာ၊ ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ လုပ်ငန်းအစုအဖွဲ့များ၏ လုပ်ငန်းစီမံချက်နှင့် အစီအစဉ်များအပါအဝင် လုပ်ငန်းစဉ် ၂၃ ခုအား မှတ်တမ်းတင်ရှိရေး အတည်ပြုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် (၂၄)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးနှင့် (၁၆)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးများတွင် အတည်ပြုမည့် လုပ်ငန်းစဉ်နှစ်ခုကို အတည်ပြု ဆွေးနွေးခဲ့ကြသည်။

**ရောက်ရှိနေ**

အဆိုပါအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် ဆောင်ပုဒ်အဖြစ် သတ်မှတ်ထားသော (We Care, We Prepare, We Prosper) ခေါင်းစဉ်ဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်ကာလအတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များသည် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဦးစားပေးလုပ်ငန်းများဖြစ်သော ပြည်သူကိုဗဟိုပြုပြီး ကြံ့ကြံ့ခံနိုင်သော အာဆီယံနှင့် သက်ဆိုင်သည့် လုပ်ငန်းများပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အာဆီယံ စည်းမျဉ်းစည်းကမ်း နည်းလမ်းများနှင့်အညီ မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ထောက်ပံ့ဆောင်ရွက်မှုများကြောင့် ၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်းသို့ သွားရောက်နေသည့် လမ်းကြောင်းတစ်ဝက်တွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း နှစ်လယ်အစီရင်ခံစာ ၂၀၁၆-၂၀၂၀ ကို အောင်မြင်စွာ ရေးသားပြုစုနိုင်ရေးအတွက် SOCA အရာရှိကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ASCC ၏ ဆက်စပ်လုပ်ငန်းအစုအဖွဲ့များအနေဖြင့် ပြီးမြောက်ခဲ့သော နှစ်လယ်အစီရင်ခံစာမှ ရလဒ်များကို အခြေခံပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ပိုမိုပြည့်စုံပြီးမဟာဗျူဟာမြောက်သော သက်ဆိုင်ရာလုပ်ငန်းအစီအစဉ်အသစ်များကို ရေးဆွဲနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အခြားကမ္ဘာ့နိုင်ငံများနှင့်အတူ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အပြင်းအထန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့အနေဖြင့်လည်း အဆိုပါကပ်ရောဂါဖြစ်ပွားမှုကို ကျော်လွှား၍ ရှေ့ရောင်အနာဂတ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ဖြစ်ပေါ်စေရန် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုကို အားကောင်းခိုင်မာ တိုးတက်စေရေး အပြည့်အဝထောက်ခံကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

# မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက် အသွင်ပြောင်းလာ

ဆူပူဆန္ဒပြမှုဖြစ်စဉ်များ အားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှ တစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ် လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများစသည့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထို့ပြင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု ကင်းမဲ့စေသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြစ်ကြီးနား၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ်ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် မတ် ၃၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၇၁၁၉ ဦး၊ အတွင်းလူနာ ၄၁၉၉ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၉၇၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၆၂၈ ဦး စုစုပေါင်း ၇၅၉၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၆၃၄ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၁၁၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၇၄၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆေးကုရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၃၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# အမှန်တရားကို ကြာရှည်ဖုံးကွယ်ထား၍မရပါ

ဘမောင်တိုး

မျက်မှောက်ကာလမှာ အမှန်က အမှား၊ အမှားက အမှန် ဖြစ်နေကြတာဟာ "အများညီ 'ဤ' ကို 'ကျွဲ' ဖတ်" သလို ဆိုရမှာပါ။ အများက တညီတညွတ်တည်း လက်ခံရင် အက္ခရာ "ဤ" ကိုပင် "ကျွဲ" လို့ တညီတညွတ်တည်း ပညတ်လိုက်တဲ့အတိုင်း အားလုံးက ဤကို "ကျွဲ" "ကျွဲ" လို့ ဆိုကြပါတယ်။ ဘယ်လိုပင် "ဤ" ပါလို့ ပြောပြော အများက "ကျွဲ" ပါလို့ ပြောနေကြတာဟာ လူ့ဘောင်လောကမှာ ဖြစ်နေကျလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် အမှန်တရားကို ဘယ်လိုပင် ဖုံးကွယ်ပါစေ၊ တစ်နေ့ကျရင်တော့ အားလုံးက ဤကို ဤအတိုင်း၊ ကျွဲကို ကျွဲအတိုင်း သိလာကြမှာ သေချာပါတယ်။

**ဇာတ်နာအောင် ဖန်တီးလိုက်**

"လူအုပ်စုနဲ့ အကြမ်းဖက်တိုက်ခိုက်နေကြတဲ့ လူတွေ" ကို "ငြိမ်းချမ်းစွာဆန္ဒပြတဲ့ ပြည်သူတွေ"၊ "အပြစ်မဲ့ ပြည်သူတွေ" လို့ ပြောဆိုကြတာတွေကို အများက လက်ခံနေကြတာဟာ ပွဲဦးထွက်မှာ ဇာတ်နာအောင် ဖန်တီးလိုက်လို့ အားလုံးတညီတည်း ဖြစ်နေကြတာလို့ ဆိုနိုင်ပါတယ်။ လူတွေရဲ့ သဘာဝဟာ ရှေးကတည်းက မကောင်းတဲ့ဘက်မှာ ကိုင်းညွတ်တတ်ကြပါတယ်။ မြတ်စွာဘုရားရှင် လက်ထက်က စစ်မှန်တဲ့ အမှန်တရားကို ဟောကြားတဲ့ ဗုဒ္ဓဆီကို သွားလိုတဲ့သူတွေ ဘယ်လောက်ပဲရှိနေပါစေ အယူလွဲမှားတဲ့ တိတ္ထိဆရာကြီးရဲ့ တပည့်ခံချင်တဲ့လူတွေ အများကြီးဖြစ်နေသလိုပါပဲ။ ဘယ်လိုပဲ အမှန်လုပ်တာ၊ အဟုတ်ဆိုတာဖြစ်နေပါစေ မမှန်တာကိုမှ အဟုတ်မှတ်တဲ့ လူတွေများနေတာကတော့ ဆုတ်ကပ်ကြောင့်ပါလို့ ပြောရမှာဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမှန်ကို အမှားလုပ်တာ၊ အမှားကို အများလက်ခံအောင် လုပ်တာတွေဟာ သူ့ဘာသာသူ အလိုလိုဖြစ်နေတာ မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ သဘောရိုးမဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာလို့ပဲ ပြောရမှာဖြစ်ပါတယ်။ အယုံလွယ်တတ်တဲ့လောက၊ စိတ်ခံစားချက်များတဲ့လောက၊ ဦးနှောက်နဲ့မစဉ်းစားဘဲ ရင်ဘတ်နဲ့စဉ်းစားတဲ့လောက၊ လက်ငင်းမျက်စိအောက်ပဲ ကြည့်ပြီး မျက်စိတစ်ဆုံး မကြည့်တဲ့လောကမှာ စည်းရုံးရလွယ်၊ ဖြိုခွဲရလွယ်၊ မျက်လှည့်ပြရလွယ်၊ အမှန်ကိုအမှား ပြောင်းပြန်လှန်ရ သိပ်လွယ်တဲ့ လောကလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် အမှန်က အမှား၊ အမှားက အမှန်ဖြစ်နေကြတာလို့ ပြောချင်ပါတယ်။

**နောက်ကွယ်ကလက်မည်းကြီး**

ယနေ့အခါမှာ အမှန်က အမှား၊ အမှားက အမှန် ဖြစ်စေတဲ့နည်းလမ်းကတော့ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး နည်းလမ်းပါပဲ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ တပ်မတော်က နိုင်ငံ့တာဝန်မလွှဲမရှောင်သာ စတင်ယူလိုက်ချိန်မှာ ပထမဆုံး အာဏာဖီဆန်ရေး လမ်းကြောင်းပေါ်ကို ရောက်သွားတာဟာ NLD နဲ့ NLD ကို ထောက်ခံတဲ့ နိုင်ငံရေးသမားတွေပါပဲ။ နောက်ကွယ်က လက်မည်းကြီးကတော့ ဘယ်အစိုးရတက်တက် သူတို့အလိုမကျရင် အဖျက်လုပ်ရပ်တွေ လုပ်ကိုင်နိုင်ဖို့ ကြိုတင်ပွဲခင်းထားပြီးဖြစ်ပါတယ်။ ပြည်သူတွေဟာ နိုင်ငံရေး အပြောင်းအလဲဖြစ်သွားတာကို အံ့ဩမိရုံကလွဲလို့ အစကဘာမှမဖြစ်ကြသေးပါဘူး။ ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံရေးအပြောင်းအလဲဖြစ်တာနဲ့ NLD က နိုင်ငံရေးသမားတွေက CDM လမ်းကြောင်းကို ချပေးလိုက်တာ တွေ့ရမှာဖြစ်ပါတယ်။

ပြည်သူတွေကို ဝါဒဖြန့်မှိုင်းတိုက်ပေးပြီး လမ်းမပေါ်ထွက် ဆန္ဒပြဖို့ တွန်းအားပေးလိုက်တာ တွေ့ရပါတယ်။ အစောပိုင်း ဖေဖော်ဝါရီလပထမပတ်အတွင်း ပြည်သူတွေဟာ ငြိမ်းချမ်းစွာဆန္ဒပြကြပြီး ဒုတိယပတ်ကစလို့ ဆူပူဆန္ဒပြကြတာတွေ ပြုလုပ်လာကြပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေက ဥပဒေနဲ့အညီ လူစုခွဲဖို့ သတိပေးတဲ့အခါ အကြမ်းဖက်ဆူပူဆန္ဒပြကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနောက် ထိပ်တိုက်ရင်ဆိုင်တွေ့၊ အကြမ်းဖက်ဆန္ဒပြ တိုက်ခိုက်ကြတာတွေပြုလုပ်လာတဲ့အခါမှာ ထိခိုက်တာတွေ ဖြစ်လာတာ သဘာဝပါပဲ။ ဒါပေမယ့် နောက်မဆုတ်ဘဲ ရှေ့ဆက်တိုးလာကြတာတွေ၊ မမြင်နိုင်တဲ့၊ မြင်နိုင်တဲ့ ဘေးပယောဂတွေ ပူးကပ်လာတာတွေနဲ့ ဆူပူအကြမ်းဖက်သူတွေ ထိခိုက်တာ၊ သေဆုံးတာ၊ အန္တရာယ်ရှိတဲ့ အဝန်းအဝိုင်းထဲကို သိလျက်နဲ့ဖြစ်စေ၊ မသိဘဲဖြစ်စေ ဝင်လာလို့ အဖမ်းခံရတာ၊ ထိခိုက်တာ၊ သေဆုံးတာတွေဖြစ်လာတော့ မခံမရပ်နိုင်အောင် ဒေါသပေါက်ကွဲလာကြတာဟာ အမှန်က အမှား၊ အမှားက အမှန်ဖြစ်လာစေတဲ့ အကြောင်းရင်းခံတွေဖြစ်ပါတယ်။

**ဘယ်လိုပဲဖြစ်ဖြစ် အမှန်ကို အမှားလုပ်တာ၊ အမှားကို အများလက်ခံအောင် လုပ်တာတွေဟာ သူ့ဘာသာသူ အလိုလိုဖြစ်နေတာမဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ သဘောရိုးမဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာလို့ပဲ ပြောရမှာဖြစ်ပါတယ်။ အယုံလွယ်တတ်တဲ့လောက၊ စိတ်ခံစားချက်များတဲ့လောက၊ ဦးနှောက်နဲ့မစဉ်းစားဘဲ ရင်ဘတ်နဲ့စဉ်းစားတဲ့လောက၊ လက်ငင်းမျက်စိအောက်ပဲကြည့်ပြီး မျက်စိတစ်ဆုံး မကြည့်တဲ့လောကမှာ စည်းရုံးရလွယ်၊ ဖြိုခွဲရလွယ်၊ မျက်လှည့်ပြရလွယ်၊ အမှန်ကို အမှား ပြောင်းပြန်လှန်ရ သိပ်လွယ်တဲ့လောကလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် အမှန်က အမှား၊ အမှားက အမှန် ဖြစ်နေကြတာလို့ ပြောချင်ပါတယ်။**

**ပြည်သူတွေသာထိခိုက်နစ်နာ**

အမှန်က အမှား၊ အမှားက အမှန်ဖြစ်စေတဲ့ အဓိကတွန်းအားပေးတဲ့ အကြောင်းရင်းတစ်ခုက လူမှုကွန်ရက်ပေါ်က ပြည်တွင်း၊ ပြည်ပမီဒီယာတွေနဲ့ ပြည်သူတွေရဲ့ လူမှုကွန်ရက်ပေါ်က ခံစားတင်ပြချက်တွေကြောင့်ပဲ ဖြစ်ပါတယ်။ ဗိုလေကွဲလေ၊ ကွဲလေထိလေ ဖြစ်ရပ်တွေဟာ အမှန်ကို အမှား၊ အမှားကို အမှန်ဖြစ်စေတဲ့ အကြောင်းရင်းတွေပဲ ဖြစ်ပါတယ်။ အမှားကြာရင်အမှန်ဖြစ်ဆိုတဲ့ စကားအတိုင်း အချိန်တိုအတွင်းမှာပဲ အမှားတွေဟာ အမှန်ဖြစ်နေတာဟာ နိုင်ငံအတွက် များစွာစိတ်မကောင်းစရာပါပဲ။ ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေရဲ့ သွေးထိုးမှိုင်းတိုက်ပေးမှုတွေကြောင့် အကြမ်းဖက်သူတချို့ ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ကြလို့ ထိခိုက်နစ်နာသေကျေပျက်စီးနေချိန်မှာ အပြစ်မဲ့ပြည်သူတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေလည်း ထိခိုက်ဒဏ်ရာရ သေဆုံးနေကြရပါတယ်။ ဒါတွေကို ဝမ်းမြောက်ဝမ်းသာ အားရစရာဖြစ်နေကြတဲ့သူတွေကတော့ နောက်ကွယ်က ဆရာကြီးတွေ၊ လက်မည်းကြီးတွေနဲ့ ပြည်တွင်း၊ ပြည်ပက ပုဆိန်ရိုးတွေပဲ ဖြစ်ပါတယ်။

ဒီကြားထဲမှာ ပွဲလန့်တုန်းဖျာခင်းကြတဲ့သူတွေ၊ တောမီးလောင် တောကြောင်လက်ခမောင်းခတ်တဲ့သူတွေလည်း ပါဝင်လာကြတာကို တွေ့ရပါတယ်။ ပြည်တွင်းမှာ ပြည်သူတွေ ကျီးလန့်စာစား ဖြစ်နေကြပြီး သူ့မယုံကိုယ့်မယုံ ဖြစ်နေကြတဲ့အချိန်၊ ဟိုတစ်ကွက် သည်တစ်ကွက် ထိပ်တိုက်တွေ့ဆုံ အာဏာဖီဆန်ကြတာတွေ၊ ပြည်သူကြားထဲက ဒုစရိုက်သမားတွေ၊ အကြမ်းဖက်သမားလူမိုက်တွေ တစ်စခန်းထလာကြလို့ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ မရေမရာဖြစ်နေချိန်မှာ ကုလသမဂ္ဂပဲ လာတော့မလို၊ R2P ပဲ ဝင်လာတော့မလို၊ သူတို့ရဲ့ စိတ်ကူးယဉ်ဖက်ဒရယ်တပ်မတော်ကြီးပဲ ရောက်လာတော့မလို သကြံန်အမြောက်တွေ တရစပ်ပစ်ဖောက်ပေးနေပါတယ်။ ပြည်သူတွေ ဒုက္ခပင်လယ်ဝေနေချိန်မှာ ကျည်ကွယ်မျက်ကွယ် လွတ်မြောက်ရာနေရာက တရားမဝင်ဖွဲ့စည်းထားတဲ့ CRPH က ပြည်သူနဲ့ တစ်သားတည်းရှိနေပါတယ်လို့ ပြောလိုက်တာကတော့ ယုတ္တိမရှိတဲ့ လိမ်ညာလှည့်ဖြားမှုပါပဲ။

**အလှူခံထွက်ပြီးအေးအေးပြတိုက်**

ပိုင်နက်နယ်မြေ၊ ပြည်သူ၊ အချုပ်အခြာအာဏာ ဘယ်နေရာမှာရှိမှန်းမသိတဲ့ CRPH က ဧပြီလ ၁ ရက်နေ့ကစလို့ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုကြပါလို့ ပြောကြတာတွေဟာ ရယ်စရာပုံပြင်ဇာတ်လမ်းတွေလိုပါပဲ။ ပြည်ပက ဆရာကြီးတွေနဲ့ လက်မည်းကြီးတွေ၊ ပြည်တွင်း၊ ပြည်ပက ပုဆိန်ရိုးတွေ သွေးထိုးမြှောက်ပင့်ပေးနေလို့ ပြည်သူတွေ အေးချမ်းစွာ ဘဝရပ်တည်နေထိုင်ရေးအတွက် အခက်အခဲဖြစ်နေချိန်မှာ CRPH က ပြည်သူနဲ့တစ်သားတည်းရှိပြီး ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ဖို့အတွက် အလှူငွေများ လက်ခံနေပါတယ်လို့ ကြေညာတာဟာ အချောင်နှိုက်လုပ်ရပ်သာဖြစ်ပါတယ်။ ပြည်တွင်းမှာ တည်ငြိမ်မှုပျက်ပြားပြီး အကြမ်းဖက်ဖျက်ဆီးမှုတွေကြောင့် အလုပ်အကိုင်တွေ ရောင်းဝယ်ဖောက်ကားမှုတွေ ရပ်တန့်နေပြီး စားဝတ်နေရေးအတွက် အခက်အခဲတွေ ဖြစ်နေချိန်မှာ CRPH က အလှူခံထွက်တာဟာ အေးအေးပြတိုက်တာနဲ့ တူပါတယ်။

**ပွဲပြီးတော့ ဖျာလိပ်စိမ်ကျ**

ဘယ်လိုပဲဖြစ်ဖြစ် အမှန်ကို အမှားဖြစ်အောင်၊ အမှားကို အမှန်ဖြစ်အောင် ဝါဒမှိုင်းတိုက်ထားပြီးဖြစ်လို့ ပြည်တွင်းက ပြည်သူတွေက မလှူနိုင်ရင်တောင်မှ ပြည်ပက တပ်မတော်ကို မလိုလားတဲ့သူတွေ၊ အဖွဲ့အစည်းတွေက ဒေါ်လာငွေတွေ လှူကြမှာတော့ သေချာပါတယ်။ ယခုအခါမှာ ဒေါ်လာငွေတွေ ဘယ်နှသန်းရနေပြီလို့ အသံကောင်းဟစ်နေတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အမေရိကန်နိုင်ငံက ဒီလိုပွဲတွေစောင့်ပြီး ထောက်ပံ့ပေးဖို့ အဆင်သင့်ဖြစ်နေတာ အစောပိုင်းကတည်းကပါပဲ။ ပွဲလန့်တုန်းဖျာခင်းတာ ဒါမျိုးပါပဲ။ ပွဲပြီးတော့ ဖျာလိပ်ပြီး စိမ်ကျနေတဲ့ ရှေးကပြည်ပြေးတွေရဲ့ ဇာတ်လမ်းတွေ အများကြီးရှိခဲ့ပါတယ်။ မြန်မာနိုင်ငံတိုးတက်ဖို့အတွက်တော့ လှူဖို့တန်းဖို့ ကူညီဖို့ စိတ်မရှိပေမယ့် မြန်မာနိုင်ငံပျက်စီးရေးအတွက် ငွေအား၊ စိတ်ဓာတ်အားပေးနေတာကို အမေကျော် ဒွေးတော်လွမ်းသူတွေက ဘုမသိ ဘမသိနဲ့ အားရကျေနပ်နေတာတွေ့တော့ အော့နှလုံးနာမိပါတယ်။ အဲဒီလို ကျေနပ်အားရနေသူတွေထဲမှာ ပညာတတ်၊ ပညာရှင်လို့ပြောတဲ့ လူတန်းစားတွေ၊ အသက်သာကြီးပြီး အချိန်မစီး မရင့်ကျက်သူတွေ၊ အတွေးအခေါ် အားနည်းသူတွေကို တွေ့ရလို့လည်း မြန်မာနိုင်ငံအရေးအတွက် ရင်လေးမိပါသေးတယ်။

အဆိုးမြင်ဝါဒမှိုင်း တိုက်ခံထားရတဲ့အဖြစ်ကို ပြန်လည်ပြီးဆေးကြောပေးဖို့ဆိုတာ မလွယ်တဲ့ကိစ္စ ဖြစ်ပါတယ်။ အမှန်ကို အမှား၊ အမှားကို အမှန် အများညီရင် ဤကို ကျွဲဖြစ်အောင် လုပ်ခံထားရတာကို ချက်ချင်းလက်ငင်းကုစားလို့ မရနိုင်သေးပါ။ သို့သော်လည်း အမှန်တရားကို ကြာရှည်စွာ ဖုံးကွယ်ထားလို့မရပါ။ အချိန်တန်ရင် အမှန်တရားများ ပြန်လည်ပေါ်ပေါက်လာမယ်လို့ ယုံကြည်ထားကြောင်းပါခင်ဗျာ။ ။

**ဒီကြားထဲမှာ ပွဲလန့်တုန်းဖျာခင်းကြတဲ့သူတွေ၊ တောမီးလောင် တောကြောင်လက်ခမောင်းခတ်တဲ့သူတွေလည်း ပါဝင်လာကြတာကိုတွေ့ရပါတယ်။ ပြည်တွင်းမှာ ပြည်သူတွေ ကျီးလန့်စာစားဖြစ်နေကြပြီး သူ့မယုံကိုယ့်မယုံ ဖြစ်နေကြတဲ့အချိန်၊ ဟိုတစ်ကွက် သည်တစ်ကွက် ထိပ်တိုက်တွေ့ဆုံ အာဏာဖီဆန်ကြတာတွေ၊ ပြည်သူကြားထဲက ဒုစရိုက်သမားတွေ၊ အကြမ်းဖက်သမားလူမိုက်တွေ တစ်စခန်းထလာကြလို့ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ မရေမရာဖြစ်နေချိန်မှာ ကုလသမဂ္ဂပဲလာတော့မလို၊ R2P ပဲ ဝင်လာတော့မလို၊ သူတို့ရဲ့ စိတ်ကူးယဉ်ဖက်ဒရယ်တပ်မတော်ကြီးပဲ ရောက်လာတော့မလို သကြံန်အမြောက်တွေ တရစပ်ပစ်ဖောက်ပေးနေပါတယ်။ ပြည်သူတွေ ဒုက္ခပင်လယ်ဝေနေချိန်မှာ ကျည်ကွယ်မျက်ကွယ် လွတ်မြောက်ရာနေရာက တရားမဝင်ဖွဲ့စည်းထားတဲ့ CRPH က ပြည်သူနဲ့တစ်သားတည်းရှိနေပါတယ်လို့ ပြောလိုက်တာကတော့ ယုတ္တိမရှိတဲ့ လိမ်ညာလှည့်ဖြားမှုပါပဲ။**

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့် ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၁-၃-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၂၆-၂-၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့် ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက် လိုက်နာကြရမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်

# ဒုတိယဝန်ကြီး ဦးမင်းထိန် ပုသိမ်ကြီးမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မန္တလေးပညာ့ရိပ်သာ အိမ်ရာစီမံကိန်းနှင့် မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းများ တည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေးနည်းပညာတက္ကသိုလ်၌ တည်ဆောက်လျက်ရှိသော မန္တလေးပညာ့ရိပ်သာ အိမ်ရာစီမံကိန်း တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ရှင်းလင်းတင်ပြ

ဒုတိယဝန်ကြီးနှင့်အဖွဲ့ကို မန္တလေးပညာ့ရိပ်သာစီမံကိန်းတည်ဆောက်နေသည့် စီမံကိန်းရှင်းလင်းဆောင်တွင် Myanmar Imperial Vega Co.,Ltd မှ တာဝန်ရှိသူက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအစီအမံများနှင့် လုပ်ငန်းများပြီးစီးမှုတို့ကို မြေပုံကားချပ်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ပင်မဒေါက်တိုင်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ နေထိုင်ရေး အဆင့်အတန်းမြင့်မားပြီး အဆင်ပြေချောမွေ့စေရေး ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လက်ရှိစီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရပ်တန့်သွားမှုမရှိစေဘဲ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖန်တီးပေးရာရောက်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးအိမ်ရာစီမံကိန်းဖြစ်သည့် မန္တလေးပညာ့ရိပ်သာ အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မန္တလေးပညာ့ရိပ်သာ အိမ်ရာစီမံကိန်းရှိ အခန်းတစ်ခန်းလျှင် ၄၅၀ စတုရန်းပေကျယ်ဝန်းသော အိပ်ခန်း(၁)ခန်းပါ (၈) ခန်းတွဲ (၄)ထပ် တစ်လုံး၊ အိမ်ခန်း ၃၂ ခန်း၊ တစ်ခန်းလျှင် ၈၀၀ စတုရန်းပေကျယ်ဝန်းသော အိပ်ခန်း(၂) ခန်းပါ (၈)ခန်းတွဲ (၄)ထပ်သုံးလုံး၊ အိမ်ခန်း ၉၆ ခန်း၊ တစ်ခန်းလျှင် ၁၂၀၀ စတုရန်းပေ ကျယ်ဝန်းသော အိပ်ခန်း(၃)ခန်းပါ (၈)ခန်းတွဲ (၄)ထပ် တစ်လုံး၊ အိမ်ခန်း(၃၂)ခန်း စုစုပေါင်း အိမ်ခန်း (၁၆၀) ခန်း၊ ပေ (၆၀ x ၁၆၀) ကျယ်ဝန်းသော Community Center အဆောက်အအုံတစ်လုံး၊ ပေ(၅၀ x ၁၀၀) ကျယ်ဝန်းသော အားကစားခန်းမ Gym အဆောက်အအုံတစ်လုံးတို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး လုပ်ငန်းများအားလုံး ၄၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၃၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တည်ဆောက်လျက်ရှိသော မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ၊ အရည်အသွေး ပြည့်မီရေးတို့ကို စေတနာထားဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဂရုပြုဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု ရေကြည်မြောက်ကွင်း ကွင်းအမှတ်(၅၀၆)၌ တည်ဆောက်နေသည့် မင်္ဂလာရန်ကင်းအငှားအိမ်ရာ စီမံကိန်းတွင် အဆောက်အအုံ ၁၈၈ လုံး၊ အိမ်ရာအခန်းပေါင်း ၃၀၀၈ ခန်းတို့ကို ဘဏ္ဍာနှစ်အလိုက် တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် လုပ်သားအင်အား ၃၀၀၀ ခန့်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပုသိမ်မြို့နယ် မြို့ချောင်းကျေးရွာ၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲ ကျင်းပ

ပုသိမ် မတ် ၃၁

ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲအခမ်းအနားကို မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်းကျေးရွာ မြို့ချောင်းမွှာရုံ၌ ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကိုယ်စား ဒေါ်မေသူသူအောင်(ဒုတိယဦးစီးမှူး)က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများပေးအပ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

သင်တန်းကို ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာ ၁၃ ရွာမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၁ ရက်မှ မတ် ၃၀ ရက်အထိ ရက်ပေါင်း ၂၀ ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ကြေးမုံ



# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာ အရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၃-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှ တစ်ဆင့် COVID-19 ရောဂါပိုးကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၀-၄-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိ

နေပြည်တော် မတ် ၃၁



ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။ ထို့ပြင် သက်ဆိုင်ရာ ဘာသာရေး ကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်မြို့ပတ်ရထား နေ့စဉ်ပြေးဆွဲလျက်ရှိ

နေပြည်တော် မတ် ၃၁

ရန်ကုန်မြို့နေ ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် လမ်းကြောင်းအတိုင်း လက်ဝဲရစ် လူစီးတွဲသုံးတွဲပါ RBE ရထားတွဲဆိုင်းကို မတ် ၂၄ ရက်မှစ၍ နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

### ပြန်လည်ဆိုက်ရောက်

RBE ရထားတွဲဆိုင်းသည် လက်ဝဲရစ်လမ်းကြောင်းအတိုင်း အင်းစိန်ဘူတာမှ နံနက် ၈ နာရီခွဲတွင် စတင်ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီး၊ ဆက်လက်၍ မင်္ဂလာဒုံဘူတာမှတစ်ဆင့် ဆက်လက်ထွက်ခွာရာ အင်းစိန်ဘူတာသို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်သည်။

ထို့နည်းတူ ယနေ့တွင်လည်း RBE ရထားတွဲဆိုင်းသည် လက်ဝဲရစ်လမ်းကြောင်းအတိုင်း နံနက် ၈ နာရီခွဲတွင် အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန်ခရီးစဉ်အတိုင်း ပြေးဆွဲရာ အင်းစိန်ဘူတာသို့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ရောက်ရှိသည်။

မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသဖြင့် မိဘပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၃၁

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်ရှိ မဟာရွှေမင်္ဂလာကျောင်းတိုက်နှင့် မှော်ဘီမြို့နယ် ရေတွင်းကုန်းကြီး ကျေးရွာရှိ ဓမ္မသုခကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီမဟာသရဏဂုံတော်ကြီး အောင်မြေကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ ရွှေသံဖြူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီမဟာသရဏဂုံတော်ကြီး အောင်မြေကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်-မော်လမြိုင်-ရန်ကုန် လူစီးရထားခရီးစဉ်ပြေးဆွဲ

နေပြည်တော် မတ် ၃၁

ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်း၌ ခရီးသွားပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန်အတွက် မော်လမြိုင်ဘူတာမှ မတ် ၂၉ ရက် နံနက် ၈ နာရီတွင် အမှတ်(၉၀) အစုန် လူစီးရထား စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်တွင် စက်ခေါင်း တစ်တွဲ၊ အထက်တန်းတွဲ နှစ်တွဲ၊ ရိုးရိုးတန်း သုံးတွဲနှင့် ဘရိတ်တွဲတစ်တွဲဖြင့် တွဲဆိုင်းဖွဲ့၍ ပြေးဆွဲပေးလျက်ရှိသည်။ မော်လမြိုင်- ရန်ကုန်အကြားတွင် ၃၆ ဘူတာရှိပြီး ပေါင်၊ သထုံ၊ ကျိုက်ထို၊ သိမ်ဇရပ်၊ ပဲခူးဘူတာအပါအဝင် ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာသို့ ည ၇ နာရီတွင် ရောက်ရှိခဲ့သည်။ ထို့နည်းတူ အမှတ်(၈၉)အဆန်လူစီးရထားသည် ရန်ကုန်မြို့မှ မတ် ၃၀ ရက် နံနက် ၆ နာရီခွဲတွင် ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်ကာ မော်လမြိုင်ဘူတာသို့ ညနေ ၅ နာရီတွင် ရောက်ရှိခဲ့သည်။

ရထားခရီးစဉ်တွင် အမှတ်(၉၀)အစုန် လူစီးရထားသည် မော်လမြိုင်မှရန်ကုန်သို့လည်းကောင်း၊ အမှတ်(၈၉) အဆန်ရထားသည် ရန်ကုန်မှ မော်လမြိုင်သို့လည်းကောင်း တစ်ရက်ခြား၍ပြေးဆွဲသွားမည်ဖြစ်ပြီး မော်လမြိုင်-ရန်ကုန်-မော်လမြိုင်ခရီးစဉ်သို့ လိုက်ပါစီးနင်းလိုသည့် ခရီးသွားမိဘပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မတ် ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၂ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၁-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၀-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁၅၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၂)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၃၈,၂၄၄)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၄၃၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၈၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၀၉၈၁၇၉ | ၂၃၅၈၆၈၁၄ | ၅၆၄၁၄၄ |
| ၂။ | ဘရာဇီး | ၁၂၆၆၄၀၅၈ | ၁၁၀၇၄၄၈၃ | ၃၁၇၉၃၆ |
| ၃။ | အိန္ဒိယ | ၁၂၁၄၉၃၃၅ | ၁၁၄၃၄၃၀၁ | ၁၆၂၅၀၂ |
| ၄။ | ပြင်သစ် | ၄၅၈၅၃၈၅ | ၂၈၂၇၉၆ | ၉၅၃၃၇ |
| ၅။ | ရုရှား | ၄၅၄၅၀၉၅ | ၄၁၆၆၁၇၂ | ၉၈၈၅၀ |
| ၆။ | ဗြိတိန် | ၄၃၄၁၇၃၆ | ၃၈၃၅၂၁၈ | ၁၂၆၆၇၀ |
| ၇။ | စပိန် | ၃၂၇၅၈၁၉ | ၃၀၄၂၃၅ | ၇၅၃၀၅ |
| ၈။ | အီတလီ | ၃၅၆၁၀၁၂ | ၂၈၈၉၃၀၁ | ၁၀၈၈၇၉ |
| ၉။ | တူရကီ | ၃၂၇၇၈၈၀ | ၂၉၉၅၀၃၃ | ၃၁၃၈၅ |
| ၁၀။ | ဂျာမနီ | ၂၈၀၉၅၁၀ | ၂၅၂၁၈၀၀ | ၇၆၈၃၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၁၁၇၁၂ | ၁၃၄၈၃၃၀ | ၄၀၈၅၈ |
| ၂။ | ဖိလစ်ပိုင် | ၇၄၇၂၈၈ | ၆၀၃၇၄၆ | ၁၃၂၉၇ |
| ၃။ | မလေးရှား | ၃၄၅၅၀၀ | ၃၂၇၆၂၄ | ၁၂၇၂ |
| ၄။ | မြန်မာ | ၁၄၂၄၃၄ | ၁၃၁၈၀၀ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၃၈၁ | ၆၀၁၃၈ | ၃၀ |
| ၆။ | ထိုင်း | ၂၈၈၆၃ | ၂၇၄၂၆ | ၉၄ |
| ၇။ | ဗီယက်နမ် | ၂၆၀၃ | ၂၃၅၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၄၄၀ | ၁၁၉၁ | ၁၁ |
| ၉။ | ဘရူနိုင်း | ၂၁၀ | ၁၉၄ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

○ ကျောဖုံးမှ

ဝန်ကြီးဌာန/ဦးစီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းအားလုံး၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် ကျန်းမာရေး ဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းများမှ ဝန်ထမ်းများ (ဦးစားပေးအနေဖြင့် ဘဏ်ဝန်ထမ်း၊ ပို့ဆောင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ထမ်း များ)၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ အသက်(၆၀)နှစ်အထက် ပြည်သူများအား ဦးစားပေး ဆောင်ရွက်ပေးရမည့် လူအုပ်စုများအဖြစ် သတ်မှတ်ပြီး ကာကွယ်ဆေး များကို ထိုးနှံပေးလျက်ရှိသည်။

### ကူညီဆောင်ရွက်ပေးလျက်ရှိ

ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဆရာဝန်/သူနာပြုများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စီမံအုပ်ချုပ်မှုကောင်စီမှ တာဝန်ရှိ ပုဂ္ဂိုလ်များကလည်း လာရောက်ထိုးနှံသူပြည်သူများ အဆင်ပြေစိတ်ချမ်း သာစွာ ထိုးနှံနိုင်ရေးအတွက် အားတက်သရော ပါဝင်ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပြီးစီးသူများအနေဖြင့်လည်း ပြင်းထန်သော ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်ခံစားရမှု မရှိခဲ့ဘဲ သာမန်နောက်ဆက်တွဲပြဿနာများသာ ခံစားခဲ့ရကြောင်းနှင့် အားလုံးကျန်းမာလျက်ရှိကြောင်းကိုလည်း တွေ့ရှိရသည်။ ကာကွယ် ဆေးထိုးနှံခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံးကို ကိုဗစ်-၁၉ ရောဂါမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး သွားလာမှုဆိုင်ရာ စည်းကမ်းကန့်သတ် ချက်များကိုလည်း ဖြေလျှော့ပေးသွားနိုင်မည်ဖြစ်သည်။

လက်ရှိကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်(First Dose) ထိုးနှံမှုအတွက် တစ်သန်းခွဲကျော်ခန့် အသုံးပြုသွားမည်ဖြစ်ပြီး ၎င်းထိုးနှံပြီးသူများအား ဒုတိယအကြိမ် (Second Dose) ထိုးနှံနိုင်ရန် အတွက်လည်း လုံလောက်သည့် အရေအတွက်ရှိပြီးဖြစ်သည်။ ထို့ပြင် မကြာမီအချိန်ကာလတွင်လည်း ကာကွယ်ဆေးများ ထပ်မံရရှိရန် အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရောက်ရှိပါက ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ



နေပြည်တော် မတ် ၃၁

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ကလောမြို့၊ ညောင်ရွှေမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်များ အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့၊ အင်္ဂပူမြို့၊ သာပေါင်းမြို့၊ ပန်းတနော်မြို့၊ ဝါးခယ်မမြို့၊ မော်လမြိုင်ကျွန်းမြို့နှင့် မအူပင်မြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ သာသနာ့ရွှယ်ဝင် သီလရှင်များအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# နိုင်ငံ့အရေး ဆွေးနွေးဖလှယ်

## စာချစ်သူ

ယခုရက်ပိုင်း အားလပ်ရက်များအတွင်း နိုင်ငံရေးစာပေများကို ပို၍ ဖတ်ရှုလေ့လာဖြစ်သည်။ နိုင်ငံရေးစာပေများ ဖတ်ရှုနေသည်ဆို၍ လာမည့်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ် လုပ်လို၍လားဟု အထင်မကြီးလိုက်ပါနှင့် မိတ်ဆွေ။ အဓိက ရည်ရွယ်ချက်ကား နိုင်ငံရေးဝေဖန်ပိုင်းခြားနိုင်စွမ်းရှိဖို့သာ ဖြစ်ပါသည်။ သို့ဆိုလျှင် နိုင်ငံရေးအမြင်၊ နိုင်ငံရေးဗဟုသုတရှိဖို့ နိုင်ငံရေးစာပေများကို ဖတ်ရှုလေ့လာရမည် မဟုတ်ပါလား။

"ဒေါက် ဒေါက်"

"ဟာ၊ ဘယ်သူများလဲ မှတ်တယ်။ စာပေမိတ်ဆွေကြီးပါလားဗျ။ ဘယ်ကလှည့်လာသတုံး"

"ခင်ဗျားဆီ တကူးတက လာတာဗျ။ မတွေ့တာလည်း ကြာပြီလေ"

မှန်ပါသည်။ သူနှင့် ကျွန်တော် မတွေ့တာကြာပြီ။ ခါတိုင်းဆို လက်ဖက်ရည်ဆိုင်တွင် ဆုံလေ့ရှိပြီး စာအကြောင်း ပေအကြောင်း ပြောနေကျ။

"ထိုင်ပါဗျာ။ ကျွန်တော်လည်း အိမ်တွင်းအောင်းပြီး စာပဲဖတ်နေရတာကြာတော့ ပျင်းသလိုဖြစ်လာပြီ၊ အခု ခင်ဗျားလာတာနဲ့ အတော်ပဲ"

"ကျုပ်လည်း ပစ္စက္ခ မြန်မာ့အရေးနဲ့ပတ်သက်ပြီး ပြောစရာတွေ အများကြီးရှိတယ်ဗျ။ ဒါပေမယ့် အပြင်မှာ ကိုယ့်အမြင် ကိုယ့်အတွေးကို ဘယ်သူမှ ချမပြရဲ၊ မပြောရဲဘူးဗျ"

"ဘာတွေများ ပြောစရာရှိလို့လဲ"

ယခင်က စာအကြောင်း ပေအကြောင်းဆိုပါလျှင် တက်တက်ကြွကြွ ပြောဆိုဆွေးနွေးလေ့ရှိသော စာပေမိတ်ဆွေကြီးသည် ယခုမူ မျက်နှာက ကြည်ကြည်လင်လင်မရှိ၊ နေထိပန်းနယ် နွမ်းလျနေသည်။

ထို့နောက် သက်ပြင်းချသံနှင့်အတူ –

"အင်း–လက်ရှိမြန်မာ့အရေးနဲ့ပတ်သက်ပြီး ကျွန်တော်စိုးရိမ်တယ်ဗျ"

"ခင်ဗျားကလည်း ဘာတွေကို စိုးရိမ်နေရပြန်တာလဲ"

"ဒီလိုဗျာ။ အခုရက်ပိုင်း ဆိုရှယ်မီဒီယာတွေပေါ်မှာ လူမမည် အရွယ် ကလေးလေးတွေ ထိခိုက်ဆုံးပါးတဲ့ သတင်းဓာတ်ပုံတွေ၊ မြန်မာ့နွေဦးတော်လှန်ရေး တပ်မတော်ဖွဲ့စည်းတယ်ဆိုတဲ့ သတင်းတွေ၊ ကေအင်ယူ တပ်မဟာ(၅) နယ်မြေမှာ တိုက်ပွဲတွေပြန်ဖြစ်လို့ ဒေသခံ တိုင်းရင်းသားတွေ စစ်ဘေးရှောင်ထွက်ပြေးနေကြရတဲ့ သတင်းဓာတ်ပုံတွေ တွေ့ရမြင်ရတော့ စိတ်မချမ်းသာဘူး။ စိုးရိမ်တာပေါ့ဗျာ။ နောက်ပြီး နေပြည်တော်နဲ့ မန္တလေးက မိန်းကလေးနှစ်ဦး မသက်သာဖွယ်ရာ ကျည်ထိမှန်သေဆုံးခဲ့သလို အခုတစ်ခါ ကလေးငယ်တွေ ကျည်ထိမှန် ဒဏ်ရာရဆုံးပါးတဲ့ သတင်းတွေကိုကြည့်ပြီး စိတ်ထဲမှာ သံသယတွေလည်း ဖြစ်မိတယ်။ အမှန်တကယ် သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။ နောက်ကွယ်က မသမာသူတွေကပဲ အစီအစဉ်ရှိရှိ ပုံဖော်နေကြတာလားလို့လည်း ဒွိဟဖြစ်မိတယ်ဗျာ"

### နိုင်ငံရေးနယ်ထဲကို ကလေးသူငယ်တွေကို ဆွဲသွင်း

"အင်း ခင်ဗျားပြောမှ စဉ်းစားစရာဖြစ်ရပြီ။ **နိုင်ငံရေးမှာတော့ တိုက်ဆိုင်မှုဆိုတာ မရှိဘူးဗျ။ ကလေးသူငယ်တွေကို နိုင်ငံရေးနယ်ထဲ ခေါ်သွင်းလာတာကတော့ ကြာပြီ။ ပြီးခဲ့တဲ့ ၂၀၁၅ နဲ့ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွေမှာ ပါတီကိုထောက်ခံတဲ့ မိဘဆွေမျိုးအသိုင်းအဝိုင်းတွေက ကလေးတွေကို ပါတီခေါင်းစည်းတွေ၊ အလံတွေ၊ အကျႌတွေဝတ်ပေးပြီး မဲဆွယ်ရာကနေ ရှုပ်ထွေးပွေလီခက်ခဲကြမ်းတမ်းတဲ့ နိုင်ငံရေးနယ်ထဲကို ကလေးသူငယ်တွေကို ဆွဲသွင်းခေါ်လာခဲ့ကြတာပဲဗျ"**

"ခင်ဗျားကလည်းဗျာ။ အခုလို ဆန္ဒပြပွဲတွေ၊ ဆူပူမှုတွေကြားထဲကိုတော့ ဘယ်မိဘက ခေါ်သွင်းမလဲဗျ"

"အင်း နိုင်ငံရေးဆိုတာလည်း ခက်သားလားဗျ။ ခင်ဗျားတို့ ကျွန်တော်တို့လို သာမန်အရပ်သူ အရပ်သားတွေအဖို့ အလွယ်တကူ လက်လှမ်းမီနိုင်တဲ့ ပညာရပ်နယ်ပယ်တစ်ခုတော့ မဟုတ်ဘူးဗျ။ ကျယ်ဝန်းတယ်၊ ခက်ခဲနက်နဲတဲ့ အဓိပ္ပာယ်ဆောင်သလို သိမ်မွေ့တဲ့ အဓိပ္ပာယ်ကိုလည်း ဆောင်တယ်။ ဒါကြောင့်မို့ ရှေးလူကြီးတွေက ပြည်ထဲအရေး၊ ပေါက်နဲ့ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ်၊ မင်းရေးကျယ်ဆိုပြီး ခိုင်းနှိုင်းဆိုစကားများရှိခဲ့ကြတာပေါ့လေ"

"ဒါပေမယ့်ဗျာ။ လူမမည်ကလေးသူငယ်တွေကို ခက်ခဲကြမ်းတမ်းတဲ့ နိုင်ငံရေးနယ်ထဲကို ဆွဲသွင်းအသုံးချလာတာမျိုးကတော့ တစ်ချိန်က ဦးသိမ်းမောင်ကြီးပြောခဲ့တဲ့ **နိုင်ငံရေးဆိုတာ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ၊** ဦးဘဘောကြီးပြောခဲ့တဲ့ **နိုင်ငံရေးဆိုတာ အင်မတန်ညစ်ပတ်တဲ့အလုပ်ဆိုတဲ့စကားတွေကို ထောက်ခံရမလို ဖြစ်နေပြီဗျ"**

"နိုင်ငံရေးမှာ ထာဝရမိတ်ဆွေ၊ ထာဝရရန်သူမရှိဘူး၊ ထာဝရအကျိုးစီးပွားသာရှိတယ်ဗျ။ ထာဝရအကျိုးစီးပွားအတွက် ရိုးသားတဲ့ လူငယ်တွေ၊ ကလေးတွေ ချနင်းတာမျိုးကိုမပြောနဲ့၊ ကိုယ့်ရဲဘော်ရဲဘက် အချင်းချင်း တိုက်ပွဲမှာ ကျသွားတာကို ပါတီအတွက် တော်လှန်ရေးအတွက် ကောင်းတယ်လို့ပြောခဲ့တဲ့သူတောင် မြန်မာ့သမိုင်းမှာရှိခဲ့ဖူးတယ်။ ပြောတဲ့သူက သခင်သန်းထွန်းပဲ။ ဗိုလ်ဇေယျ တိုက်ပွဲမှာကျဆုံးသွားတာနဲ့ပတ်သက်ပြီး သခင်သန်းထွန်းက အခု ငါတို့ရဲ့ အကျအဆုံးဖြစ်တာတွေဟာ ဆုံးရှုံးမှုမဟုတ်ဘူး၊ တကယ်က ရန်သူရဲ့ ဆုံးရှုံးမှုဟာ ငါတို့ထက် အဆမတန်ပိုကြီးနေတယ်။ တစ်ပြည်လုံးမှာ ရန်သူဟာ အဆုံးကြီးအရှုံးကြီးတွေ ဖြစ်နေတယ်။

"ဒီအခြေအနေမှာ ငါတို့ဟာ ကျဆုံးသွားကြတဲ့ ရဲဘော်တွေအတွက် အားငယ်တာ စိတ်ပျက်တာမဖြစ်ရဘူး။ ဒါတွေနဲ့ပတ်သက်လို့ တော်လှန်ရေးအကောင်းအမြင်ကို စိုက်ထူကြရမယ်။ မွေးမြူကြရမယ်။ အခု ဗိုလ်ဇေယျ ကျဆုံးသွားတာနဲ့ ပတ်သက်လို့လည်း အဲဒီအတိုင်းပဲ။ ဗိုလ်ဇေယျ ကျဆုံးတာဟာ ကောင်းသလား၊ မကောင်းဘူးလား။ ဒါကို ဒီလို ဖြေရမယ်။ ဗိုလ်ဇေယျ ကျဆုံးတာဟာ ကောင်းတယ်၊ သိပ်ကို ကောင်းတယ်လို့တောင် ပြောခဲ့သေးတာပဲဗျာ"

အထက်ပါအတိုင်း အတိတ်သမိုင်းထဲက ဖြစ်ရပ်တစ်ခုကို ပြန်ပြောင်းထောက်ပြ ပြောဆိုလိုက်သည့် ကျွန်တော့်စကားကြောင့် ရသစာပေများကို နှလုံးသားဖြင့် ခံစားဖတ်ရှုတတ်သူ ကျွန်တော့်စာပေမိတ်ဆွေကြီးမှာ ပို၍ စိတ်မချမ်းမြေ့သည့်အသွင် ဖြစ်လာလေသည်။

"အေးဗျာ၊ အာဏာနိုင်ငံရေးက စိတ်ပျက်စရာတွေချည်းပါပဲလားဗျာ"ဟု ညည်းတွားသလို ဆိုပါလေ၏။

### နိုင်ငံတွေဖြိုလဲအောင် လုပ်ကြံ

"မပြီးသေးဘူး၊ ကျွန်တော် ပြောဦးမယ်။ နိုင်ငံကြီးတွေလည်း ဘာထူးသလဲ၊ သူတို့ရဲ့ ထာဝရအကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံငယ်တွေကို သူတို့ဩဇာခံအောင် ဖိအားပေး၊ အကျပ်ကိုင် ဗိုလ်ကျစိုးမိုးရေးဝါဒကို ကိုင်စွဲပြီး ခြယ်လှယ်နေကြတာပဲလေ။ အထူးသဖြင့် အနောက်နိုင်ငံကြီးတွေပဲ။ စစ်အေးခေတ်မှာ အင်အားချိန်ခွင်လျှာ ညီမျှနေပြီး လုပ်ချင်တိုင်းလုပ်လို့မရတော့ ဆိုဗီယက်နိုင်ငံကြီးနဲ့ အရှေ့ဥရောပက နိုင်ငံတွေဖြိုလဲအောင် နည်းလမ်းအမျိုးမျိုးနဲ့ လုပ်ကြံခဲ့ကြတာပဲ။ ပထမဦးဆုံး ပိုလန်က စတာပဲ။ ပိုလန်ကွန်မြူနစ်အစိုးရကို ဆန့်ကျင်နေတဲ့ ပိုလန်အလုပ်သမားသမဂ္ဂကို သွေးထိုးပေးတယ်။ ပိုလန်အစိုးရက ဆန္ဒပြပွဲတွေကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်လာလို့ တိုင်းပြည်တည်ငြိမ်အောင် စစ်အုပ်ချုပ်ရေးပြဋ္ဌာန်းတော့ ရီဂင်အစိုးရက ပိုလန်အစိုးရချည့်နဲ့အောင် စီးပွားရေးပိတ်ဆို့မှုတွေ လုပ်တယ်။ မြန်မာပြည်မှာလည်း ၁၉၈၈ အရေးအခင်းဖြစ်ပေါ်လာပြီး မရှေးမနှောင်း ၁၉၈၉ မှာ အိမ်နီးချင်းတရုတ်ပြည်ကြီးမှာ ထျန်းအန်းမင်အရေးအခင်းဖြစ်လာပြန်တယ်။ ဆက်တိုက်ဆိုသလို ရိုမေးနီးယားမှာ ကွန်မြူနစ်ပါတီခေါင်းဆောင် ချော်ဆက်စကူးနဲ့ သူ့ဇနီးတို့ အဆုံးစီရင်တာ ခံလိုက်ရတယ်။ ဒါနဲ့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံတွေရဲ့ နိုင်ငံရေးအာဏာဟာ ဒိုမီနိုဖဲချပ်တွေ တစ်ခုပြီးတစ်ခု ပြိုကျသွားသလို ပြိုကျသွားခဲ့တယ်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့မှာတော့ ဆိုဗီယက်ပြည်ထောင်စု ကရင်မလင်နန်းတော် ကောင်းကင်ယံမှာ နှစ် ၇၀ ကျော်လွှင့်ပျံခဲ့တဲ့ တူတံစဉ်အလံနီဟာ တိတ်တဆိတ်လျှောကျသွားခဲ့ပြီး နိုင်ငံလည်း အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်သွားခဲ့ရတယ်။

**လတ်တလော မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ ရိုဟင်ဂျာကျောင်းသားများအဖွဲ့တို့ ဘာတို့ ပေါ်ထွက်လာသလို ပြည်ပရောက် ဘင်္ဂါလီအချို့လည်း မြန်မာသံရုံးရှေ့ ဆန္ဒပြတာထက် တရုတ်သံရုံးရှေ့ ဆန္ဒပြတာ ပိုထိရောက်မယ်တို့၊ တရုတ်က ရပ်တည်ပေးလို့ အာဏာသိမ်းရဲခဲ့တာလို့ဆိုပြီး လူမှုကွန်ရက်ပေါ်မှာ ရေးနေတာမျိုးတွေ၊ လက်သည်းဆိတ် လက်ထိပ်နာတတ်တဲ့ အိမ်နီးချင်းနိုင်ငံက မီဒီယာနဲ့ အင်တာဗျူးမှာလည်း မြန်မာ့တပ်မတော်ကို နိုင်ငံတကာက အရေးယူဖို့ အချိန်ကောင်းဖြစ်တဲ့အကြောင်း ပြောဆိုနေမှုတွေ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာ့နွေဦးတော်လှန်ရေး အင်အားစုအဖွဲ့ရဲ့ မြန်မာ့နွေဦးတော်လှန်ရေး တပ်မတော်ဖွဲ့စည်းခြင်း ကြေညာချက်တွေ၊ လတ်တလော ဆန္ဒပြပွဲဖြစ်စဉ်အချို့မှာ လူမမည်ကလေးသူငယ်လေးတွေ ထိခိုက်သေဆုံးတယ်ဆိုတဲ့ သတင်းဓာတ်ပုံတွေ တွေ့လာရတာဟာ တိုက်ဆိုင်မှုလို့ပြောလို့ မဆိုနိုင်တော့ဘူး။**

### တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး

"တရုတ်ပြည် ပြိုလဲမသွားရတဲ့ အရင်းခံအကြောင်းရင်းနဲ့ ပတ်သက်ပြီး တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က တကယ်လို့ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးရဲ့ အသီးအပွင့်တွေမရှိခဲ့ရင် ကျွန်တော်တို့ ဇွန် ၄ အရေးအခင်း (ထျန်းအန်းမင်အရေးအခင်း) ကို နိုင်နင်းအောင်လုပ်နိုင်မှာမဟုတ်ဘူး။ နိုင်နင်းအောင်မလုပ်နိုင်ရင် ကစဉ့်ကလျားဖြစ်သွားပြီး နောက်ဆက်တွဲအဖြစ် ပြည်တွင်းစစ်ဖြစ်သွားလိမ့်မယ်။ ဇွန် ၄ အရေးအခင်းပြီးသွားတဲ့နောက် ကျွန်တော်တို့နိုင်ငံ ဘာကြောင့်အလွန်တည်ငြိမ်နေနိုင်တာလဲ။ ကျွန်တော်တို့ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေး လုပ်ထားတာကြောင့်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တွန်းတင်ပေးနိုင်တာကြောင့် ပြည်သူလူထုရဲ့ နေထိုင်စားသောက်ရေးဘဝ ပြည့်စုံကုံလုံမှု ရရှိနေတာကြောင့် ဖြစ်တယ်လို့ သုံးသပ်ညွှန်ပြခဲ့တယ်။

"တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားခြင်းဟာ တရုတ်ပြည်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးတဲ့ လှုပ်ရှားမှုတစ်ရပ်ဖြစ်တယ်လို့လည်း တိန့်ရှောင်ဖိန်က တစ်ဆင့်တက် ရှင်းလင်းပြတ်သားစွာ ညွှန်ပြခဲ့တယ်။ နိုင်ငံရေးသုတေသီတွေကတော့ တရုတ်ပြည်ဟာ ပြုပြင်ပြောင်းလဲရေးကို ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးတို့နဲ့ တွဲဖက်ထားတယ်။ ဆိုဗီယက်ပြည်ထောင်စုကတော့ ၁၉၈၅ ခုနှစ်မှာ ဂေါ်ဘာချော့ဗ် အာဏာရလာပြီးတဲ့နောက် စီးပွားရေးပြုပြင်ပြောင်းလဲရေးကို အလေးထားဆောင်ရွက်ခဲ့ပေမယ့် ကြိုတင်မျှော်မှန်းထားတဲ့ရလဒ်ကို တော်တော်နဲ့မရဘူး။ ဒီကြားထဲ ဘာမှ ပြည့်ပြည့်စုံစုံ ပြင်ဆင်ထားမှုမရှိတဲ့ အခြေအနေအောက်မှာ နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲရေးကို ကမန်းကတန်း ဆောင်ရွက်ခဲ့တယ်လို့ သုံးသပ်ကြတယ်။ အဲဒီအချိန်မှာ စားဝတ်နေရေးကျပ်တည်းနေကြတဲ့ ပြည်သူတွေ၊ တစ်ပါတီစနစ်အောက်မှာ ငြီးငွေ့နေကြတဲ့ ပြည်သူတွေဟာ အမေရိကန်အပါအဝင် အနောက်နိုင်ငံကြီးတွေရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး စကားလုံးတွေကို သဘောကျနှစ်သက်ခဲ့ကြရာကနေ လူထုအုံကြွမှုတွေဖြစ်ပေါ်လာပြီး ဆိုဗီယက်ပြည်ထောင်စုအပါအဝင် အရှေ့ဥရောပနိုင်ငံတွေအားလုံး ပြိုကွဲခဲ့ရတာပါပဲ။

စာမျက်နှာ ၁၁ သို့

# စူးအက်တူးမြောင်းအတွင်း ကုန်တင်သင်္ဘောများ လာမည့်သုံးရက်အတွင်း ပုံမှန်အတိုင်း သွားလာနိုင်မည်

ကိုင်ရို မတ် ၃၁

စူးအက်တူးမြောင်းအတွင်း ကုန်တင်သင်္ဘောများ လာမည့်သုံးရက်အတွင်း ပုံမှန်အတိုင်းသွားလာနိုင်မည်ဖြစ်ကြောင်း အီဂျစ်သမ္မတ အက်ဒယ်ဖက်တက်ချ် အယ်စီစီက ယမန်နေ့တွင် ပြောကြားခဲ့သည်။

စူးအက်တူးမြောင်းအတွင်း၌ EVERGREEN ကုန်တင်သင်္ဘောကြီးသည် သောင်တင်ပိတ်ဆို့လျက်ရှိသည့်အတွက် ကျန်ကုန်တင်သင်္ဘော အများအပြားလည်း တူးမြောင်းအတွင်း ရက်သတ္တပတ်ကြာ ပိတ်မိလျက်ရှိခဲ့သည်။



### စတင်သွားလာနိုင်

စူးအက်တူးမြောင်းအာဏာပိုင်များက အဆိုပါ ကုန်တင်သင်္ဘောကြီး ပြန်လည်မောင်းနှင်နိုင်ရေးအတွက် နေ့၊ ညမပြတ် ဆောင်ရွက်လျက်ရှိရာ တူးမြောင်းအတွင်းပိတ်မိလျက်ရှိသည့် ကုန်တင်သင်္ဘော ၄၂၂ စင်းအနက် အစင်း ၂၅၀ သည် တူးမြောင်းအတွင်း ယမန်နေ့တွင် စတင်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သမ္မတ အယ်စီစီက စူးအက်တူးမြောင်းအာဏာပိုင်အဖွဲ့တည်ရှိရာ အစ်မီလီယာမြို့သို့ သွားရောက်ပြီး EVERGREEN ကုန်တင်သင်္ဘောကြီးပြန်လည်မောင်းနှင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသူများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

စူးအက်တူးမြောင်းသည် အာရှနှင့် ဥရောပ တစ်လျှောက် သွယ်တန်းဖောက်လုပ်ထားသည့် ရေကြောင်း ကုန်သွယ်ရေး ပင်မလမ်းကြောင်းတစ်ခု ဖြစ်သည်။ ထို့ပြင် စူးအက်တူးမြောင်းသည် အီဂျစ်နိုင်ငံ၏ ဝင်ငွေရရှိမှု အရင်းအမြစ်တစ်ခုဖြစ်သည့်အတွက် တူးမြောင်းအတွင်း ကုန်စည်များ ပုံမှန်စီးဆင်းနိုင်ရေးသည် အီဂျစ်နိုင်ငံအတွက် အလွန်အရေးပါသည်။

### ကုန်ကျစရိတ်မြင့်တက်

စူးအက်တူးမြောင်းအတွင်း EVERGREEN ကုန်တင်သင်္ဘောကြီး ရက်သတ္တပတ်ကြာ ပိတ်ဆို့ခြင်းကြောင့် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၁၂ သန်းမှ ၁၅ သန်း ကုန်ကျစရိတ်မြင့်တက်ခဲ့ကြောင်း စူးအက်တူးမြောင်းအာဏာပိုင်များက ဆိုသည်။

အဆိုပါ သင်္ဘောကြီး သောင်တင်ပိတ်မိခြင်း၏ အကြောင်းရင်းမှာ နည်းပညာချွတ်ယွင်းမှုကြောင့် မဟုတ်ဘဲ လေပြင်းတိုက်ခတ်မှုကြောင့်ဖြစ်သည်ဟု စူးအက်တူးမြောင်း အာဏာပိုင်အကြီးအကဲ အိုစမာရာဘီက မှတ်ချက်ပြုပြောကြားခဲ့သည်။

ကိုးကား-အင်န်အီတီချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# ကနေဒါနိုင်ငံရှိ ပြည်နယ်အချို့တွင် အသက် ၅၅ နှစ်အောက် အရွယ်ရှိသူများအား AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု ရပ်ဆိုင်း

အော့တာဝါ မတ် ၃၁

ဥရောပဒေသများ၌ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ထိုးနှံပေးရာတွင် သွေးခဲသော ပြဿနာများတွေ့ရှိခဲ့ရပြီးနောက် ကနေဒါနိုင်ငံရှိ အချို့ပြည်နယ်များတွင် အသက် ၅၅ နှစ်အောက်အရွယ်ရှိသူများအား အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းမှ ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ယခုဆေးဝါးထိုးနှံမှုရပ်ဆိုင်းခဲ့ရခြင်းသည် ကနေဒါအမျိုးသား ကာကွယ်ဆေးထိုးနှံရေးအကြံပေးကော်မတီ၏ အကြံပြုချက်အပေါ်တွင် အခြေခံပြီး ဆောင်ရွက်ခြင်းဖြစ်သည်။




### ပြဿနာများ ကြုံတွေ့ရ

ဥရောပဒေသတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အသက် ၅၅ နှစ်အောက်အရွယ်ရှိသူများအား ထိုးနှံပေးခဲ့ရာတွင် ၄ ရက်မှ ၁၆ ရက်အတွင်း သွေးခဲခြင်းနှင့်အတူ ပြင်းထန်စွာ ဦးခေါင်းကိုက်ခဲခြင်း၊ အမြင်အာရုံဝေဝါးခြင်းနှင့် အသက်ရှူရခက်ခဲသော ပြဿနာများကို ကြုံတွေ့ရကြောင်း သိရသည်။

### တူညီနေ

ကနေဒါနိုင်ငံအတွင်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်များ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။ ယခုအချိန်တွင် ကနေဒါနိုင်ငံ၏ အချို့ပြည်နယ်များတွင် ဗီဇပြောင်းဗိုင်းရပ်စ် နေ့စဉ်ကူးစက်သူအရေအတွက်သည် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ဝင်ရောက်စဉ်က ကူးစက်သူအရေအတွက်နှင့် တူညီနေကြောင်းသိရသည်။ နိုင်ငံအတွင်းဗီဇပြောင်းဗိုင်းရပ်စ်များ ပြန့်ပွားလျက်ရှိနေသောကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို တင်းကျပ်စွာချမှတ်ရမည်ဖြစ်ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေးဆိုင်ရာ အရာရှိချုပ် ထရီဆာတန်ကယမန်နေ့တွင် ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးက အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်များတွင် ကာကွယ်ဆေး၏ ထိရောက်မှု ရာခိုင်နှုန်းအပြည့်ရှိ

ဘာလင် မတ် ၃၁

ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech နှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer တို့သည် ၎င်းတို့ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်များတွင် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာ၌ ကာကွယ်ဆေး၏ ထိရောက်မှုမှာ ရာခိုင်နှုန်းအပြည့်ရှိကြောင်း မတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ယင်းသို့ ကာကွယ်ဆေး၏ ထိရောက်မှု ၁၀၀ ရာခိုင်နှုန်းရှိခြင်းကြောင့် လာမည့်နှစ်ကျောင်းဖွင့်ရာသီမတိုင်မီ အဆိုပါ အရွယ်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် အတည်ပြုချက်ရရှိရန် မျှော်လင့်လျက်ရှိကြောင်း ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech နှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer တို့က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံရှိ အဆိုပါ အရွယ်ကလေးငယ် ၂၂၆၀ ဖြင့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုအဆင့် ၃ ကို ဆောင်ရွက်ခဲ့ရာ၌ ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် ၁၀၀ ရာခိုင်နှုန်း ထိရောက်မှုရှိကြောင်း ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech နှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer တို့က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့ကြောင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech နှင့် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer တို့က Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ဖြိုးကောင်ပေါက်အရွယ်များတွင် အရေးပေါ်အသုံးပြုခွင့်ရရှိရေးအတွက် လာမည့် သီတင်းပတ်များအတွက် အမေရိကန်ဆေးဝါးအာဏာပိုင်အဖွဲ့ထံသို့ ကာကွယ်ဆေး၏ ထိရောက်မှုဆိုင်ရာ အချက်အလက်များကို တင်သွင်းရန် စီစဉ်ထားသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းရှိ ဆေးဝါးအာဏာပိုင်အဖွဲ့ များထံသို့လည်း အချက်အလက်များ တင်သွင်းသွားမည်ဖြစ်ကြောင်း Pfizer ဆေးဝါးကုမ္ပဏီ၏ အမှုဆောင်ချုပ် အယ်လ်ဘာ့ဘိုလာက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အသက် ၁၆ နှစ်နှင့် အထက်ရှိသူများအတွက် အသုံးပြုရန် အတည်ပြုခဲ့ပြီးနောက် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား နိုင်ငံပေါင်း ၆၅ နိုင်ငံကျော်ရှိ အရွယ်ရောက်ပြီးသူ သန်းပေါင်းများစွာတို့အား ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အမေရိကန်နိုင်ငံ၏ နယ်မြေဒေသသုံးခုနှင့် ဘယ်လ်ဂျီယံနိုင်ငံရှိ Pfizer ဆေးဝါးစက်ရုံတို့တွင် ထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အလင်းသစ်




# ဂျာဗားပင်လယ်အတွင်း ပျက်ကျခဲ့သည့် လေယာဉ်၏ လေယာဉ်မှူး အခန်းစကားပြောမှတ်တမ်းတင်စက်ကို ရှာဖွေတွေ့ရှိ

ဂျကာတာ မတ် ၃၁

အင်ဒိုနီးရှားနိုင်ငံဂျာဗားပင်လယ်အတွင်းသို့ ပျက်ကျသွားခဲ့သော Sriwijaya လေကြောင်းလိုင်းမှ လေယာဉ်၏ လေယာဉ်မှူးအခန်းစကားပြောမှတ်တမ်းတင်စက်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အဆိုပါ လေယာဉ်၏ လေယာဉ်မှူးအခန်းစကားပြောမှတ်တမ်းတင်စက်ကို ရေငုပ်ရှာဖွေရေးသမားများက ယမန်နေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် ပျံသန်းမှုအချက်အလက်မှတ်တမ်းတင်ကိရိယာရှာဖွေတွေ့ရှိသော နေရာအနီးတစ်ဝိုက်မှာပင် ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပို့ဆောင်ရေးဝန်ကြီးဘူဒီကာရာဆူမာဒီက ယနေ့ပြောကြားသည်။

ပျံသန်းမှု အချက်အလက်မှတ်တမ်းတင်ကိရိယာကို အဆိုပါ လေယာဉ်ပျက်ကျပြီး သုံးရက်အကြာတွင် ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ လေယာဉ်မှူးအခန်းစကားပြောမှတ်တမ်းတင်စက်ကို အမျိုးသား သယ်ယူပို့ဆောင်ရေးလုံခြုံမှု ကော်မတီသို့ စစ်ဆေးရန်ပေးပို့သွားမည်ဖြစ်သည်။ ယင်းလေယာဉ်သည် ဂျကာတာမြို့မှ အနောက်ပိုင်း ကာလီမန်တန်ပြည်နယ် ပိုန်နတီနက်မြို့သို့ ပျံသန်းစဉ် ဇန်နဝါရီ ၉ ရက်တွင် ပျက်ကျခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အရွယ်ရောက်ပြီး အမေရိကန်ပြည်သူ ၉၀ ရာခိုင်နှုန်း သုံးပတ်အတွင်း ကာကွယ်ဆေးထိုးနှံခွင့်ရရှိမည်ဟု ဂျိုးဘိုင်ဒင် ပြောကြား




ဝါရှင်တန် မတ် ၃၁

အရွယ်ရောက်ပြီး အမေရိကန်ပြည်သူ ၉၀ ရာခိုင်နှုန်းသည် လာမည့်သီတင်း သုံးပတ်အတွင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခွင့်ရရှိမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ သမ္မတ ဂျိုးဘိုင်ဒင်က မတ် ၂၉ ရက်တွင် ကြေညာခဲ့သည်။

အရွယ်ရောက်ပြီး အမေရိကန်နိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ဧပြီ ၁၉ ရက် နောက်ဆုံးထား၍ ကာကွယ်ဆေး ရရှိလိမ့်မည်ဖြစ်ကြောင်းနှင့် ကျန်ရှိသော ၁၀ ရာခိုင်နှုန်းသည် မေ ၁ ရက် နောက်ဆုံးထား၍ ရရှိလိမ့်မည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က အိမ်ဖြူတော် ရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ ပြည်နယ် ၂၇ ခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် မြင့်တက်လာခဲ့ပြီးနောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အထက်ပါမှတ်ချက် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံတွင် ပြည်သူများအကြား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့် လုပ်ဆောင်ချက်များ လျော့ရဲလာခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာခဲ့ကြောင်းနှင့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု တစ်ကျော့ပြန် မြင့်တက်လာစေခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ထို့ပြင် သမ္မတ ဂျိုးဘိုင်ဒင်သည် နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရေး ပြဋ္ဌာန်းမှုများကို ပြန်လည်အသက်သွင်းရန် ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ညွှန်ကြားသွားမည် ဖြစ်ကြောင်းလည်း ကတိပြုခဲ့သည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ရုရှား၌ တိရစ္ဆာန်များအတွက် ကမ္ဘာ့ပထမဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မှတ်ပုံတင်

မော်စကို မတ် ၃၁

ရုရှားနိုင်ငံသည် တိရစ္ဆာန်များအတွက် ကမ္ဘာ့ပထမဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မှတ်ပုံတင်ခဲ့ပြီးဖြစ်ရာ ယင်းကာကွယ်ဆေး အစုလိုက်အပြုံလိုက် ထုတ်လုပ်မှုကို ဧပြီလအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားအစိုးရက ယနေ့ကြေညာသည်။

"Carnivak-Cov" ဟု အမည်ပေးထားသည့် အဆိုပါကာကွယ်ဆေးကို ယမန်နှစ် အောက်တိုဘာလမှစ၍ ခွေးများ၊ ကြောင်များ၊ မြွေပါများ၊ မြေခွေးများနှင့် အခြားတိရစ္ဆာန်များတွင် လက်တွေ့စမ်းသပ်ခဲ့ရာ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရေးအတွက် ထိရောက်မှုရှိကြောင်း ရုရှားစိုက်ပျိုးရေး ကြီးကြပ်ရေး အေဂျင်စီက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။



အဆိုပါ ကာကွယ်ဆေးသည် တိရစ္ဆာန်များအား ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန် ပထမဆုံးနှင့် တစ်ခုတည်းသော တိရစ္ဆာန်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်ကြောင်း ရုရှားစိုက်ပျိုးရေး ကြီးကြပ်မှုအေဂျင်စီ၏ ဒုတိယအကြီးအကဲ ကွန်စတန်တင်ဆာဗင်ကော့ဗ်က ပြောကြားသည်။

Carnivak-Cov ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တီထွင်ထုတ်လုပ်ခြင်းအားဖြင့် တိရစ္ဆာန်များတွင် ဖြစ်တတ်သော ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တိရစ္ဆာန်များအား Carnivak-Cov ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်တားဆီးနိုင်ကြောင်း ရုရှားဆေးဘက်ပညာရှင်များက ပြောကြားသည်။

ဒိန်းမတ်နိုင်ငံတွင် ယမန်နှစ်က တိရစ္ဆာန်များတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရဖွယ် တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ မြွေပါအကောင်ရေ ၁၅ သန်းကို ရွှေးသတ်ရန် အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဂရိ၊ ပိုလန်၊ ဩစတြီးယား၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် စင်ကာပူ စသည့်နိုင်ငံများမှ တိရစ္ဆာန်မွေးမြူရေးခြံများနှင့် ပုဂ္ဂလိကကုမ္ပဏီများသည် Carnivak-Cov ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုရန် စိတ်ဝင်စားလျက်ရှိကြကြောင်း အေဂျင်စီက ထပ်မံပြောကြားသည်။

စိန့်ပီတာစဘတ်ဂ်မြို့အခြေစိုက် ရုရှားစစ်ဘက်တာဝန်ရှိသူများသည် နိုင်ငံတစ်ဝန်းရှိ လေဆိပ်များနှင့် မေလတွင် နိုင်ငံတစ်ဝန်း၌ ကျင်းပမည့် ဒုတိယကမ္ဘာစစ် အထိမ်းအမှတ်ပွဲတော်အခမ်းအနားများတွင် ဖြန့်ကြက်မည့် တပ်မတော်ပိုင် ခွေးလိမ္မာများအား Carnivak-Cov ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ပြီးခဲ့သည့် သီတင်းပတ်က ကြေညာလိုက်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-ဂျေတီ**

# AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၆၀၀၀၀၀ ဇွန်လတွင် ပထမအကြိမ်အဖြစ် မလေးရှားနိုင်ငံ လက်ခံရရှိမည်

ကွာလာလမ်ပူ မတ် ၃၁

မလေးရှားနိုင်ငံသည် AstraZeneca ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၆၀၀၀၀၀ ကို ဇွန်လတွင် ပထမအကြိမ်အဖြစ် လက်ခံရရှိမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ၏ သိပ္ပံဝန်ကြီး ဂျမာလူဒင်က မတ် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်လအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၂ ဒသမ ၈ သန်းဝယ်ယူထားပြီး ယင်းပမာဏ၏ တစ်ဝက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် COVAX အစီအစဉ်မှတစ်ဆင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသို့ တင်ပို့မည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်ကို AstraZeneca ဆေးဝါးကုမ္ပဏီထံမှ တိုက်ရိုက်ရရှိမည်ဖြစ်ကြောင်းလည်း မလေးရှားနိုင်ငံ၏ သိပ္ပံဝန်ကြီး ဂျမာလူဒင်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ဒုတိယအဆင့်ကို ဧပြီ ၁၉ ရက်တွင် စတင်မည်ဖြစ်ပြီး လာမည့်နှစ် ဖေဖော်ဝါရီလတွင် ပြည်သူ ၃၂ သန်း၏ အနည်းဆုံး ၈၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ရုရှားနိုင်ငံ၏ ဂါမာလီယာအင်စတီကျုမှ ထုတ်လုပ်သည့် Sputnik-V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ တရုတ်နိုင်ငံ Sinovac Biotech နှင့် CanSino Biologics ဆေးဝါးကုမ္ပဏီတို့မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စုစုပေါင်း ၆၆ ဒသမ ၇ သန်းအား ဝယ်ယူထားကြောင်း သိရသည်။ **ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-အလင်းသစ်**

# ဂျာမနီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၀၅၁ ဦး ထပ်မံတွေ့ရှိ

ဘာလင် မတ် ၃၁

ဂျာမနီနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၀၅၁ ဦး ထပ်မံတွေ့ရှိရကြောင်း ရောဘတ်ကိုစ့်အင်စတီကျုမှ ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ယနေ့အချိန်အထိ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၈ သန်းကျော်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၇၆၃၄၂ ဦးရှိကြောင်း အဆိုပါ အင်စတီကျုမှ ပြောကြားသည်။

ဂျာမနီနိုင်ငံ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးကော်မတီ၏ အကြံပြုချက်အရ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၆၀ နှစ်အထက်ရှိ နိုင်ငံသားများကိုသာထိုးနှံပေးရန် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ယမန်နေ့က သဘောတူညီချက်ရရှိခဲ့သည်။

မူလက အဆိုပါကာကွယ်ဆေးအား အသက် ၆၀ အောက်အရွယ်ရှိ ဂျာမနီနိုင်ငံသားများအား ထိုးနှံပေးရာတွင် သွေးခဲသောပြဿနာများကို ကြုံတွေ့ခဲ့ရသည်။ နိုင်ငံအတွင်း ယမန်နေ့အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၄ ဒသမ ၀၆ သန်း ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၂၈၉၅၀၇၈၀ ဦး | ၂၈၁၈၉၁၁ ဦး | ၁၀၄၀၃၅၁၆၇ ဦး |

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm




ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဆူပူအကြမ်းဖက်သူ လူအုပ်စုမှ ရက်စက်စွာ ဖမ်းဆီးသတ်ဖြတ်

နေပြည်တော် မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဆူပူအကြမ်းဖက်သူလူအုပ်စုက ရက်စက်စွာ ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်တစ်ဦးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် မိဘများနေထိုင်ရာ ဖဒိုမြို့ ဘိုးပိုက်ဆံ(၅)ရပ်ကွက်သို့ အရပ်ဝတ် ဝတ်ဆင်၍ ဆိုင်ကယ်ဖြင့် တစ်ဦးတည်း မောင်းနှင်ထွက်ခွာသွားခဲ့ကြောင်း၊ ၎င်းတပ်ဖွဲ့ဝင် ထွက်ခွာသွားပြီး မိနစ် ၂၀ ခန့်အကြာတွင် ရဲစခန်းမှ တာဝန်ကျ အရာရှိထံသို့ ဖဒိုမြို့ရှိ တာဝန်သိ ပြည်သူတစ်ဦးက ဖုန်းဖြင့်ဆက်သွယ်၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဆူပူအကြမ်းဖက်သူ လူအုပ်စုဆယ်ဦးခန့်က ဝိုင်းဝန်းဖမ်းဆီး၍ မြို့နှင့် တစ်မိုင်အကွာရှိ ညောင်ပိုင်းသချိုင်းသို့ ခေါ်ဆောင်သွားကြောင်း အသိပေးပြောကြားခဲ့သဖြင့် တာဝန်ကျအရာရှိနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် ဆူပူအကြမ်းဖက်သူများ ခေါ်ဆောင်သွားသည့် သချိုင်းသို့ သွားရောက်ခဲ့ကြောင်း။

ညောင်ပိုင်းသချိုင်းသို့ ရောက်ရှိချိန်တွင် လူစုလူဝေး တွေ့ရှိရခြင်းမရှိဘဲ သချိုင်းအနောက်ဘက် ယူကလစ်တောအတွင်း ရဲတပ်ဖွဲ့ဝင်အား လက်နှင့်ခြေထောက်များကို ယူကလစ်ပင်နှင့်တွဲ၍ ကြိုးတုပ်ထားကာ ဝမ်းဗိုက်နှင့် ရင်ဘက်တို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် အဆိုပါ တပ်ဖွဲ့ဝင်အား ဖဒိုမြို့တိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်အား ရက်စက်စွာ သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ ဆက်စပ်သတင်းဖော်ထုတ်ချက်အရ ဖဒိုမြို့ ဘိုးပိုက်ဆံ(၅)ရပ်ကွက်နေ ချစ်မင်းသူ (၃၃)နှစ် (ဘ) ဦးထိုကြည်ပါ ဆူပူအကြမ်းဖက်သူ ၁၀ ဦးခန့်က ရဲတပ်ဖွဲ့ဝင်အား ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမှုဖွင့်လှစ်ထားရှိပြီး ၎င်းတို့ ၁၀ ဦးနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင် တရားခံများအား လက်ခံထားရှိသူများကိုလည်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မအူပင်မြို့နယ်၌ လျှပ်စစ်ထမင်းပေါင်းအိုး ခလုတ်ချို့ယွင်းမှုကြောင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ် (၁) ရပ်ကွက် အောင်ဆုပန်လမ်းသွယ် (၂) နေ အိမ်ရှင်ဒေါ်အေးမာ၏ နေအိမ်၌ မတ် ၃၀ ရက် နံနက်ပိုင်းတွင် လျှပ်စစ်ထမင်းပေါင်းအိုးဖြင့် ထမင်းချက်ပြုတ်စဉ် Auto ခလုတ်ချို့ယွင်းမှုကြောင့် အပူလွန်ကဲ၍ ထမင်းပေါင်းအိုး မီးလောင်ရာမှတစ်ဆင့် အနီးရှိ အကာနေရာသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မီးလောင်မှုအား မအူပင်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ အမှတ် (၃) ရပ်ကွက်နယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်လေးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ဓနိကာ၊ ပျဉ်ခင်း၊ တစ်ထပ်လူနေအိမ်လေးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးစတင်လောင်ကျွမ်းခဲ့သည့် အိမ်ရှင်ဒေါ်အေးမာအား မအူပင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်မျိုး

## ဆူပူအကြမ်းဖက်သူတစ်စုက ဒေသခံပြည်သူများအား အကြောင်းမဲ့ဖမ်းဆီး

နေပြည်တော် မတ် ၃၁

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၅၆)ရပ်ကွက် အောင်တံခွန်လမ်း အမှတ်(၅၅၆)နေ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ဖခင်ဖြစ်သူ ဦးဇော်မင်းထွေးအား ဆူပူအကြမ်းဖက်သူတစ်စုက မတ် ၂၉ ရက်ညပိုင်းတွင် အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေရာ လှော်ကားလမ်းနှင့် ပုဂံလမ်းဆုံနေရာရှိ “နေမင်းသစ်” လက်ဖက်ရည်ဆိုင်ရှေ့၌ ကြိုးတုပ်၍ မီးရှို့ခံထားရသည့် ကျား/မ (စိစစ်ဆဲ) အလောင်းတစ်လောင်းအား တွေ့ရှိခဲ့သည်။

ဖမ်းဆီးခေါ်ဆောင်မှုနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးဇော်မင်းထွေး၏ နေအိမ်သို့သွားရောက် ရှာဖွေစစ်ဆေးခဲ့ရာတွင်လည်း ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးရှို့ခံထားရသည့် ရုပ်အလောင်းအား သင်္ဃန်းကျွန်း စံပြဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ဦးဇော်မင်းထွေး ဖမ်းဆီးခံရမှုနှင့် ပတ်သက်၍ ဆက်လက် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

■

# အဂတိလိုက်စားမှု၏ သဘောသဘာဝများ

အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် နိုင်ငံတကာတွင် သဘောတူညီထားသည့် တစ်ခုတည်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသော်လည်း နိုင်ငံ၊ ဒေသနှင့် နယ်ပယ်အလိုက် လုပ်ဆောင်မှုများအပေါ်မူတည်၍ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြပါသည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့မှ "အဂတိလိုက်စားမှု ဆိုသည်မှာ ယုံကြည်အပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာအား ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း"ဟုလည်းကောင်း၊ ကမ္ဘာ့ဘဏ်မှ "အဂတိလိုက်စားမှုဆိုသည်မှာ ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူ ဆိုင်ရာလုပ်ငန်းဌာနအား အသုံးချခြင်း" ဟုလည်းကောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအဖွဲ့အစည်းမှ "အဂတိလိုက်စားမှုဆိုသည်မှာ အများပြည်သူဆိုင်ရာ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာဌာနအား ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း" ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားကြပါသည်။

### ပြောင်းလဲပေးနိုင်

အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်ရှိ အဖွဲ့အစည်းများအားလုံး၏ ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိပြီး သက်ရောက်မှုသည် ကျယ်ပြန့်ပါသည်။ ဆိုးကျိုးသက်ရောက်မှုကို အချို့နေရာများတွင် သိသာထင်ရှားစွာမြင်တွေ့နိုင်သော်လည်း အချို့နေရာများတွင်မူ သိသာထင်ရှားမှု မရှိချေ။ အဂတိလိုက်စားမှု၏ ဆိုးကျိုးကို လူတိုင်းခံစားရသော်လည်း ခံနိုင်ရည်နည်းပါးသော လူအများအတွက်မူ ဆိုးရွားစွာထိခိုက်မှုရှိပါသည်။ ကျား/မ၊ အသက်အရွယ်၊ နေထိုင်ရာဒေသ၊ စီးပွားရေးနှင့်လူမှုရေးအခြေအနေများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် ကျန်းမာရေးအဆင့်အတန်းစသည်တို့သည် အဂတိလိုက်စားမှု၏ ဒဏ်ကိုဆိုးဆိုးရွားရွားခံစားရစေရန် အားနည်းချက်များအဖြစ်သို့ ပြောင်းလဲပေးနိုင်သည်။

အဂတိလိုက်စားမှုသည် ပုံစံအမျိုးမျိုး၊ ပမာဏအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ပွားနေသောကြောင့် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုနှင့် လွတ်ကင်းသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများဟူ၍မရှိပေ။ ပြီးပြည့်စုံသော လူမှုအဖွဲ့အစည်းနှင့် အမှားအယွင်းမရှိသော စနစ်များသည် မရှိနိုင်ပါ။ အဂတိလိုက်စားမှုသည် တောင့်တင်းခိုင်မာသော ဥပဒေမူဘောင်များအတွင်း၌ပင်လျှင် ဖြစ်ပေါ်နိုင်ပါသည်။ အဂတိလိုက်စားမှုများဖြစ်ပေါ်စေရန် စနစ်တကျ ရည်ရွယ်ပုံဖော်ထားသည့် အဖွဲ့အစည်းများသည် ဖွံ့ဖြိုးတိုးတက်မှုများတည်ဆောက်ရန် လူ့အဖွဲ့အစည်းအားလုံးအတွက် အန္တရာယ်ရှိသော ရန်စွယ်များ ဖြစ်ပါသည်။

လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း၊ ငွေကြေးပစ္စည်းများအား လွဲမှားစွာအသုံးပြုခြင်း၊ ကုန်သွယ်မှုတွင် လက်ဝါးကြီးအုပ်လွှမ်းမိုးခြင်း၊ တရားမျှတမှုကို ဖုံးကွယ်ထားခြင်းနှင့် တားဆီးပိတ်ပင်ခြင်း၊ လုပ်ငန်းလုပ်ဆောင်မှုများအား အလွဲသုံးစားပြုခြင်း၊ ငွေကြေးနှင့် ပြစ်မှုများအား ခဝါချခြင်းနှင့် တရားမဝင်ကြီးပွားချမ်းသာလာခြင်း စသည်တို့ကို အဂတိလိုက်စားမှုအဖြစ် နိုင်ငံတကာမှ သတ်မှတ်ကြပါသည်။ အဂတိလိုက်စားမှုများသည် ယုံကြည်မှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ အာဏာခွဲဝေမှုမရှိခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှုမရှိခြင်းနှင့် စောင့်ကြည့်မှုမရှိခြင်း၊ စနစ်ကျသော အဖွဲ့အစည်းစနစ်မရှိခြင်း၊ ခိုင်မာသော ဥပဒေမူဘောင်မရှိခြင်း၊ ဥပဒေဖွံ့ဖြိုးတိုးတက်မှုနှင့် အကောင်အထည်ဖော်နိုင်မှုမရှိခြင်းနှင့် ကပ်ဘေးစီမံခန့်ခွဲမှုအားနည်းခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာနိုင်ပါသည်။

အဂတိလိုက်စားမှုများသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို လျော့ပါးလာစေခြင်း၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ခြိမ်းခြောက်ခြင်း၊ တရားမျှတမှုမရှိခြင်းနှင့် မညီမျှမှုကို ခိုင်မာစွာအမြစ်တွယ်စေနိုင်ခြင်း၊ လူ့အဖွဲ့အစည်းများ ကျင့်ဝတ်ဆိုင်ရာစံနှုန်းတန်ဖိုးများနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အခြေခိုင်မာမှုကို အဟန့်အတားဖြစ်စေခြင်း၊ လူ့အဖွဲ့အစည်းများ၏ လုံခြုံမှုနှင့် တည်ငြိမ်မှုကို အန္တရာယ်ဖြစ်စေခြင်း၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုမရှိစေရန် လှုံ့ဆော်မှုများဖြစ်ပေါ်စေခြင်း၊ နိုင်ငံခြားအကူအညီများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လုပ်ကိုင်မှုများကို အဟန့်အတားဖြစ်စေခြင်း၊ စီးပွားရေးစွမ်းဆောင်ရည်ကျဆင်းခြင်း၊ ပြည်သူလူထုအကျိုးအတွက် ရရှိထားသော ရန်ပုံငွေများ အခြားမလိုအပ်သောနေရာများသို့ ခွဲဝေသုံးစွဲခြင်း၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုစနစ်တွင် မရိုးသားမှုများပပျောက်ရေးကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို အဟန့်အတားဖြစ်စေခြင်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ တရားဝင်ဖြစ်မှုနှင့် အမိန့်ညွှန်ကြားချက်များကို အားနည်းစေခြင်း၊ လွတ်လပ်မျှတစွာ ယှဉ်ပြိုင်နိုင်မှုကို ပျက်စီးစေခြင်းနှင့် အုပ်စုဖွဲ့ရာဇဝတ်မှု ကျူးလွန်ခြင်းများကို ဖြစ်ပေါ်စေပါသည်။

### ခွဲခြမ်းစိတ်ဖြာနိုင်

အဂတိလိုက်စားမှုဖြစ်ပွားရခြင်း၏ အကြောင်းတရားများကို နယ်ပယ်ရှုထောင့်အမျိုးမျိုးမှ ခွဲခြမ်းစိတ်ဖြာနိုင်သော်လည်း ၎င်းအကြောင်းတရားများသည် အများအားဖြင့် စိတ်စေတနာမရှိခြင်းနှင့် အကျိုးစီးပွားပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော အကျင့်စာရိတ္တ၊ ကျင့်ဝတ်များနှင့် ဆက်စပ်လျက်ရှိသည်။ မိမိပြုမူဆောင်ရွက်ချက်များ၏ အကြောင်းတရားများနှင့် အကျိုးဆက်များကို သိမြင်နားလည်ပြီး လူ့အဖွဲ့အစည်းအတွင်း မည်ကဲ့သို့နေထိုင်ရမည်ကို သိရှိသော သူတစ်ယောက်သည် မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ပါသည်။ အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်းတွင် ယုံကြည်မှုတည်ဆောက်နိုင်ခြင်းသည် ဘုံအကျိုးစီးပွားအတွက် အောင်မြင်မှုများ ရရှိစေသည်။ ယုံကြည်မှုကိုအလွဲသုံးစားပြုလုပ်သည့်အခါ လူ့အဖွဲ့အစည်းအတွက် အန္တရာယ်ရှိလာပြီး အဂတိလိုက်စားမှုဖြစ်ပေါ်လာသည်။ ပွင့်လင်းမြင်သာမှုရှိခြင်းသည် ညီညွတ်မျှတစွာနေထိုင်သောလူ့အဖွဲ့အစည်းအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိပါက အဂတိလိုက်စားမှု ဖြစ်ပေါ်လာနိုင်မည်မဟုတ်ပါ။ အစိုးရဌာနများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးချဉ်းကပ်သည့်နည်းလမ်းများ ကျင့်သုံးခြင်းနှင့် စားသုံးသူများ၊ အလုပ်သမား ဝန်ထမ်းများနှင့် တိုင်ပင်ဆွေးနွေးချဉ်းကပ်သည့်နည်းလမ်းများ ကျင့်သုံးသည့် ပုဂ္ဂလိကလုပ်ငန်းများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်ရန် အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အောက်ခြေမှအထက်သို့ အဆင့်ဆင့်တင်ပြလုပ်ဆောင်သည့် ချဉ်းကပ်မှုနည်းလမ်းသည် ဝန်ထမ်းများအား လုပ်ငန်းတာဝန်များကို လုပ်ဆောင်စေရန် စေ့ဆော်မှုကိုဖြစ်ပေါ်စေခြင်း၊ စွမ်းဆောင်ရည်ပိုမိုကောင်းမွန်လာခြင်းနှင့် ဘုံရည်မှန်းချက်များရရှိအောင်မြင်စေရေးအတွက် အတွေ့အကြုံများနှင့် ဗဟုသုတများ ရယူအသုံးချနိုင်ခြင်းများကို ဖြစ်ပေါ်စေပါသည်။

အဂတိလိုက်စားမှုဖြစ်ပွားပါက အလားတူအဂတိလိုက်စားမှုမျိုးများ ထပ်မံဖြစ်ပွားခြင်းမရှိစေရန် ထိရောက်သောတုံ့ပြန်မှုကို ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ်ရန် အရေးကြီးပါသည်။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရန် စိန်ခေါ်မှုများ ရှိနေသေးသော်လည်း ၎င်းလုပ်ငန်းများကို လုပ်ဆောင်ရန် လူတစ်ဦးချင်းစီ၏ ကြိုးပမ်းအားထုတ်မှုနှင့် အဖွဲ့လိုက် စုပေါင်းလုပ်ဆောင်မှုများကို အားသွန်ခွန်စိုက် လုပ်ဆောင်ရန် လိုအပ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို သဘောတရား သီအိုရီများမှ သင့်တော်သော လုပ်ငန်းဆောင်ရွက်မှုယန္တရားများ၊ အစီအမံများ၊ အမျိုးသားအဆင့် မူဝါဒများနှင့် တာဝန်ယူ၊ တာဝန်ခံမှုရှိသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေါ်စေရေးနည်းလမ်းများဖြင့် လက်တွေ့လုပ်ဆောင်မှုများသို့ ပြောင်းလဲလုပ်ဆောင်ရန် လိုအပ်ပါသည်။

အစိုးရဌာနများတွင် အဂတိလိုက်စားမှုကို တားဆီးကာကွယ်နိုင်ရန်အတွက် အဂတိလိုက်စားမှုနှင့် သက်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားရှိခြင်းနှင့် ခေတ်ကာလနှင့်အညီ ပြင်ဆင်ခြင်း၊ ဌာနနှင့်သက်ဆိုင်သော အများပြည်သူများ သိသင့်သည့် သတင်းအချက်အလက်များ အများပြည်သူမှ ရရှိရန် ဆောင်ရွက်ခြင်း၊ ကျင့်ဝတ်များ ချမှတ်လိုက်နာကျင့်သုံးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူများ ပါဝင်လာစေရန် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုနည်းတူစွာ အဂတိလိုက်စားမှုအား လုံးဝသည်းမခံ၊ ခွင့်မလွှတ်သော မူဝါဒများနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်

**အဂတိလိုက်စားမှုအား လုံးဝသည်းမခံ၊ ခွင့်မလွှတ်သောမူဝါဒများနှင့် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ခြင်းနှင့် လွတ်လပ်စွာ ပြိုင်ဆိုင်မှုဆိုင်ရာ ရှင်းလင်းသော တရားဝင်ဥပဒေသတ်မှတ်ချက်များကို မြှင့်တင်ဆောင်ရွက်ခြင်းတို့သည်လည်း အဂတိလိုက်စားမှုများကို ဟန့်တားရန်အတွက် လိုအပ်ပါသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် တီထွင်မှုများသည် ထုတ်လုပ်နိုင်စွမ်း၏ အဓိကမောင်းနှင်အားများဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးမှုတို့တွင် အရေးပါသောကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်ရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍသည်လည်း အရေးကြီး။**

ဖြိုးသီရိ

ခြင်းနှင့် လွတ်လပ်စွာ ပြိုင်ဆိုင်မှုဆိုင်ရာ ရှင်းလင်းသော တရားဝင် ဥပဒေသတ်မှတ်ချက်များကိုမြှင့်တင်ဆောင်ရွက်ခြင်းတို့သည်လည်း အဂတိလိုက်စားမှုများကိုဟန့်တားရန်အတွက် လိုအပ်ပါသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် တီထွင်မှုများသည် ထုတ်လုပ်နိုင်စွမ်း၏ အဓိကမောင်းနှင်အားများဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးမှုတို့တွင် အရေးပါသောကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်ရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍသည်လည်း အရေးကြီးပါသည်။

### အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်

လူမှုရေး၊ နိုင်ငံရေးအသိစိတ်မြင့်တင်ရန်အတွက် လှုံ့ဆော်ပေးခြင်းသည် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ရန်နှင့် အပြောင်းအလဲကို အလိုက်သင့်တွန်းလှန်လွန်မြောက်နိုင်သော၊ ငြိမ်းချမ်းသော၊ အားလုံးပါဝင်နိုင်သော လူ့အဖွဲ့အစည်းများ တည်ဆောက်ရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အဆိုပါကြိုးစားအားထုတ်မှုများအတွက် တရားမျှတမှုရှိခြင်း၊ ထိရောက်မှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်း၊ ပူးပေါင်းပါဝင်နိုင်ခြင်း စသည့် အချက်များကို အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့် မူဝါဒများတွင် ထည့်သွင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရန်လိုအပ်ခြင်းမှာ အဂတိလိုက်စားခြင်းသည် သန်းပေါင်းများစွာသော ပြည်သူလူထုအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း သက်ရောက်မှု ရှိခြင်းကြောင့် လူ့အဖွဲ့အစည်း၏ ရေရှည်တည်တံ့ ခိုင်မြဲမှု ရရှိအောင်မြင်စေရေးနှင့် ဆက်စပ်မှုရှိနေခြင်းကြောင့် ဖြစ်သည်။

အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ၊ အခွန်တိမ်းရှောင်မှုများနှင့် အခြားတရားမဝင်ငွေကြေးစီးဆင်းမှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆ ထရီလီယံခန့် ဆုံးရှုံးနေရကြောင်း သုတေသနပြုချက်များအရ သိရှိရသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၁၉ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုနှစ်ပတ်လည်အစီရင်ခံစာအရ ၂၀၁၉ ခုနှစ်အတွင်း အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်ခြင်းမှ ငွေကြေးအနေဖြင့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေသို့ မြန်မာငွေကျပ်သန်း ၉၈၄၇ ဒသမ ၈၄၃ ကို ပေးသွင်းစေနိုင်ခဲ့ပြီး ငွေကျပ်သန်း ၁ ဒသမ ၁၀၀ အားပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါငွေကြေးများအား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက်အသုံးပြုပါက များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်သည်။ သို့အတွက်ကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းနှင့်ငွေကြေးများ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးခြင်း မရှိစေရေးအတွက် ပြည်သူများအနေဖြင့် တစ်ဦးတစ်ယောက်ချင်းစီသော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း အဂတိလိုက်စားမှုများ မဖြစ်ပွားစေရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

**(United Nations Institute for Training and Research (UNITAR) မှ သင်ကြားပို့ချသော Anticorruption And Sustainable Development သင်တန်းမှ သင်ခန်းစာများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအား ကိုးကားပါသည်။)**

# နောက်ဆုံးတော့ အလုပ်လက်မဲ့တွေများလာပြီ၊ ကုန်ဈေးနှုန်းတွေက တစ်နေ့ထက်တစ်နေ့ ပိုတက်လာပြီ၊ အလုပ်အကိုင်တွေ ရှားသထက်ရှားလာပြီ။ အဲဒါတွေအားလုံးဟာ CDM ရဲ့အကျိုးဆက်တွေပါပဲ

ဒေါ်နုနု(အမည်လွှဲ)

သာမန်ဆန္ဒပြမှုများမှတစ်ဆင့် ယခုအချိန်တွင် ဆူပူအကြမ်းဖက်မှုများ အသွင်သို့ ပြောင်းလဲနေပြီး ကြွက်မနိုင် ကျီးမနိုင် ဆိုသကဲ့သို့ မလိုလားအပ်သောပြဿနာများ ဖန်တီးရန်အတွက် ဦးတည်လာပြီဖြစ်သည်။ ရက်ရှည်လာပြီဖြစ်သော CDM လှုပ်ရှားမှုနှင့် ပတ်သက်၍ ပြည်သူများ၏ရင်တွင်းခံစားချက်များကို ဤသို့ကြားသိခဲ့ရပါသည်။

"ကျွန်မကပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားပါဘူး။ အမြင်မတော်လို့ ပြောပြချင်တာပဲရှိတာပါ။ ဒီကနေ့ ကျွန်မတို့မြို့နဲ့ကပ်နေတဲ့ မြို့လေးမှာ ပညာရေးက ဆရာ ဆရာမတွေ မွမ်းမံသင်တန်းတက်ဖို့ လာကြတာကို CDM လူထုကြီးက သင်တန်းဖွင့်မယ့် ကျောင်းပေါက်ဝကနေ ဝိုင်းပြီး သံပုံးတီးကြပြီး နှောင့်ယှက်ကြတယ်လို့ ကြားရတော့ စိတ်မကောင်းဖြစ်ရပါတယ်။ ဆရာမတွေထဲမှာလည်း CDM လုပ်သူတွေ ရှိကြသလို မလုပ်တဲ့သူတွေလည်း ရှိကြပါတယ်။ ကိုယ် CDM လုပ်တာ လိုက်မလုပ်ကြတိုင်း ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို့ သဘောထားနေကြတာ တရားပါရဲ့လား။ သူလည်း သူ့ယုံကြည်ချက်နဲ့၊ ကိုယ်လည်းကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်ပဲလေ။ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိနေတာကို သူတပါးကို ဖျက်လိုဖျက်ဆီးစိတ်ဓာတ်နဲ့ နှောင့်ယှက်တာကတော့ သဘာဝသိပ်မကျဘူးလို့ ထင်ပါတယ်။ ကိုယ်နဲ့သဘောထားချင်းတူတဲ့ သူတွေနဲ့ အေးအေးချမ်းချမ်းဆန္ဒပြကြတာ ဘာမှမဖြစ်ပေမယ့် အခုလို မဆီမဆိုင်သူတွေကို သံပုံးတီးပြီးနှောင့်ယှက်တာကိုတော့ မလုပ်သင့်ပါဘူး"ဟု အလှပြင်ဆိုင်ပိုင်ရှင် မမိုးမိုး(အမည်လွှဲ)က ပြောသည်။

"ခေတ်ကာလသားသမီးတွေ အကြောက်အရွံ့မရှိကြဘူး။ မိဘတွေကလည်း ကိုယ့်သားသမီးတွေကို အန္တရာယ်မဖြစ်ခင်ကတည်းက ကြိုတင်ဆုံးမထားသင့်တယ်။ တားဆီးတန် တားဆီးသင့်တယ်လေ။ ဦးတို့ရပ်ကွက်ထဲက ကလေးတချို့တွေ နိုင်ငံရေးအတွေ့အကြုံကလည်း မရှိ၊ ဘာရည်ရွယ်ချက်မှလည်း ခိုင်ခိုင်မာမာရှိကြမယ့်ပုံမပေါ်ပါဘူး။

အပေါင်းအသင်းတွေက CDM ထဲပါနေတော့ ရတ်ရတ်ရတ်ရတ်နဲ့ သွားနေကြလာနေကြတာကို သူ့ရဲကောင်းလို့ထင်မှတ်နေကြပုံရပါတယ်။ လတ်တလောမှာ CDM လှုပ်ရှားမှုကြီးဟာ ဆန္ဒပြတဲ့အဆင့်ကနေ ဆူပူအကြမ်းဖက်တဲ့အဆင့် ရောက်လာတာကိုတွေ့ရလို့ လမ်းမှား လျှောက်နေတဲ့ ကလေးတွေအစား ဦးတော့ရင်လေးမိတယ် ငါ့တူရေ။ အကောင်းဆုံးကတော့ ဒီ CDM လှုပ်ရှားမှုကြီး အမြန်ဆုံး ရပ်တန့်သွားမှ အားလုံးလူမှန်နေရာမှန်ရောက်မယ်လို့ ထင်ပါတယ်"ဟု အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဦးခင်မောင်(အမည်လွှဲ)က ပြောသည်။

အစ်ကိုတို့မြို့က ထီရောင်းတဲ့သူများပေမယ့် သူ့မိတ်ကိုယ့်မိတ်နဲ့ ရောင်းကြတာမို့ အချိန်တန်ရင် ကုန်စမြဲပါ။ အစ်ကို့ဆိုင်က ဆုကြီးပါဖူးထားတော့ တခြားထီဆိုင်တွေနဲ့ မတူဘူး။ ပိုရောင်းရတယ်။ အစ်ကိုက ဆက်ဆံရေးလည်းကောင်းပြီး အပေါင်းအသင်းများတော့ ထီအစောကြီး ကုန်တတ်ပါတယ်။ ကိုဗစ်ကာလမှာတော့ အရောင်းထိုင်းသွားပါတယ်။ အစ်ကိုလည်း ကိုဗစ်ငြိမ်သွားတဲ့အချိန် ရောင်းကောင်းမှာပါဆိုပြီး အားခဲခဲ့ပေမယ့် အခုလိုအရေးအခင်းကဖြစ်တော့ ထီရောင်းအား ထိုးကျသွားတယ်။ အခုကျန်နေတဲ့ ထီတွေကို မြတ်ဖို့မပြောနဲ့ အရင်းပြန်ရဖို့ မနည်းရောင်းနေရတယ်။

အစ်ကိုတစ်ယောက်ထဲ သောကရောက်နေတာ မဟုတ်ပါဘူး။ မိသားစုကိုယ်စီရှိကြတဲ့သူတိုင်း စားဝတ်နေရေးပြဿနာက နေ့တိုင်း အခက်အခဲဖြစ်နေကြတာပါ။ ကုန်ဈေးနှုန်းက ဒီနေ့နဲ့မနက်ဖြန် မတူတော့ဘူး၊ တရိပ်ရိပ်တက်လာတယ်။ အရောင်းအဝယ်မကောင်းလို့ စိတ်ဓာတ်ကျနေရတဲ့အထဲ ဒီ CDM လှုပ်ရှားမှုက မပြီးနိုင်ဘူး။ အစ်ကို့ ထီဆိုင်ကပ်လျက်က လက်ဖက်ရည်ဆိုင်လည်း အရင်ကလူစည်ကားခဲ့တာ။ လက်ဖက်ရည်သောက်ကြရင်း ထီဝင်ထိုးကြတာ လူမပြတ်ဘူး။ အခုတော့ လက်ဖက်ရည်ဆိုင်လည်း ခြောက်ကပ်နေပြီ။ အစ်ကိုကတော့ နိုင်ငံရေးနားမလည်ပါဘူး။ ဘယ်ဘက်မှလည်းမပါဘူး။ ကိုယ့်ထီရောင်းရရေးပဲ စိတ်ဝင်စားတယ်။ ဒီထီရောင်းတာ တစ်ခုထဲနဲ့ မိသားစုတစ်စုလုံး မပူမပင်နေခဲ့ရတာ နှစ်မနည်းတော့ဘူး။ အခုမှ ထီသမားတွေ ဘုံပျောက်ရတော့မယ့်ကိန်း ဆိုက်နေပြီ။ ဒါကြောင့် CDM ဟာ တခြားသူတွေအတွက်တော့ မသိဘူး။ အစ်ကို့အတွက်တော့ ဘယ်လို ရှုထောင့်ကကြည့်ကြည့် ကောင်းကျိုးလုံးဝမပေးတဲ့ လှုပ်ရှားမှုကြီးလို့ အစ်ကိုမြင်တယ်"ဟု ထီဆိုင်ပိုင်ရှင် ကိုဇော်ထိုက်(အမည်လွှဲ)က ပြောသည်။

"CDM ကို အကြောင်းပြပြီး နောက်ကွယ်ကနေ ဥပဒေမဲ့လုပ်ချင်ရာ လုပ်နေကြတာကိုတော့ သဘောမကျတာအမှန်ပါပဲ ငါ့ညီ။ ဆူပူအကြမ်းဖက်မှုတွေကနေ အခုတော့ ပြည်သူတွေရဲ့အသက်အိုးအိမ် စည်းစိမ်တွေကို နေ့စဉ်နဲ့အမျှ ခြိမ်းခြောက်လာကြပြီ။ ရပ်ကွက်ထဲမှာ နေရတာလည်း တထိတ်ထိတ်နဲ့ပါပဲ။ အစ်ကိုတို့မိသားစုက အရင်ထဲက ဘယ်ပါတီဝင်မှ မဟုတ်ဘူး။ ကိုယ့်မိသားစုလေးနဲ့ကိုယ် အေးအေးဆေးဆေးပဲ နေကြတာပါ။ အဲဒါကိုရပ်ကွက်ထဲမှာ ဘယ်လိုအမြစ်ရှာရမလဲဆိုပြီး မျက်လုံးဒေါက်ထောက်ကြည့်နေကြတဲ့ သူတွေက ခပ်များများ ငါ့ညီရေ။

သူတို့နဲ့အမြင်မတူတဲ့သူတိုင်းကို ချောက်ချချင်ကြတော့ ဒလန်တွေလို့ သတင်းလွှင့်ကြတယ်။ အထူးသဖြင့် ရပ်ကွက်ထဲက CDM မလုပ်တဲ့ သူတွေ၊ သူတို့မျက်မုန်းကျိုးတဲ့သူတွေကို ပစ်မှတ်ထားပြီး ဥပဒေမဲ့ နိုင်လိုမင်းထက် လုပ်နေကြတာကို အကာအကွယ် အချိန်မီ မပေးနိုင်ရင်တော့ မလွယ်လောက်ဘူး။

ရေများရေနိုင် မီးများမီးနိုင် ဆိုသလိုပါပဲ။ မကောင်းတဲ့အရာဆိုလူတွေက ပိုလက်ခံကြတယ်ဆိုတာ အမှန်ပဲ။ နိုင်ငံကြီးသား စိတ်မမွေးဘဲ ငါနဲ့မတူငါ့ရန်သူလို့ သတ်မှတ်လာတော့ ပြည်သူတွေက တဖြည်းဖြည်း ရွံကြောက်ကြီး ဖြစ်လာကြပြီလေ။ CDM အဖွဲ့လို့ပဲ ခေါ်ရမလား၊ အကြမ်းဖက်အဖွဲ့လို့ပဲ ခေါ်ရမလား၊ ဒီအဖွဲ့အစည်းရဲ့ လှုပ်ရှားမှုတွေက အရင်လောက်မများတော့ပေမယ့် မင်းမဲ့စရိုက်လုပ်ရပ်တွေ တစ်နေ့ထက်တစ်နေ့ ပိုပိုဆိုးလာပြီ။ ထင်သလိုမဒေါင်မြင်တော့ မပြီးဆုံးနိုင်တဲ့နေ့တွေ အမျိုးမျိုးခေါင်းစဉ်တပ်ပြီး အဓမ္မဓဏခဏဈေးပိတ်ခိုင်းတာတော့ ဘဝင်မကျဘူးပေါ့။ အစ်ကိုတို့မိသားစုက ဒီဈေးဖွင့်မှ အထည်ဆိုင်လေးကိုအားကိုးပြီး ရပ်တည်နေရတာ။ အခုတော့ ရောင်းရတစ်ရက် မရောင်းရတစ်ရက်နဲ့ သားသမီးတွေ စားဝတ်နေရေး၊ ကျန်းမာရေး အတွက် ရင်မောလှတယ်။ အစ်ကိုကတော့ CDM လှုပ်ရှားမှုကြီး အမြန်နိဂုံးချုပ်စေချင်တယ်"ဟု အထည်ဆိုင်ပိုင်ရှင် ဦးတိုး(အမည်လွှဲ)က ပြောသည်။

"ဘယ်ဘက်မှ မလိုက်စတမ်းပြောရမယ်ဆိုရင် CDM လှုပ်ရှားမှုကြီးဟာ မင်းသားမလုပ်ရလို့ ပတ်မကြီးထိုးဖောက်နေသလိုပါပဲ။ အစကတော့ ဟိုကထောက်ပံ့မယ်၊ ဒီကထောက်ပံ့မယ်လို့ လူမှုကွန်ရက်ကနေ မက်လုံးပေးဆွဲဆောင်တာကို နားယောင်မိတဲ့ ဝန်ထမ်းတချို့တွေရဲ့ဘဝက ဇာတ်သိမ်းသိပ်မလှတော့ဘူးလို့ ထင်ပါတယ်။ အမြင်မှန်ရပြီး ရုံးပြန်တက်နေကြတဲ့သူတွေရှိသလို မထူးဇာတ် ဆက်ခင်းနေကြတဲ့သူတွေလည်း ရှိတာပါပဲ။ ဘာမသိညာမသိနဲ့ ရောယောင်ပြီး CDM လုပ်ခဲ့လို့ နောက်ဆုံးအခြေအနေက ဌာနဆိုင်ရာ စစ်ဆေးအရေးယူခံကြရတယ်။ တချို့အလုပ်ပြုတ်ကြတယ်။ တချို့လိုင်းခန်းတွေ ဖယ်ပေးရတယ်။ ကိုယ့်ခံယူချက်တွေက ကိုယ်ပေးဆပ်နေရတာတွေနဲ့ တန်မှတန်ရဲ့လားလို့များ တွေးမိကြရဲ့လား မသိဘူး။ လေလှိုင်းပေါ်ကစကားတွေက လေလှိုင်းတွေလိုပါပဲ။ ဘာမှအခိုင်အမာမရှိ။ လက်ဆုပ်လက်ကိုင်လည်း ပြလို့မရနဲ့ CDM ဝန်ထမ်းတွေရဲ့ ဒုက္ခက မသေးလှဘူး။ တချို့ဝန်ထမ်းတွေများ ကိုယ့်ရာထူး ကိုယ့်လုပ်သက် ကိုယ့်ဘဝကြီးနဲ့ အလျော်အစားလုပ်ပြီး CDM အတွက် ပေးဆပ်သွားရတာ မြင်ရလို့ အံ့သြမဆုံးဘူး။ ဝန်ထမ်းဘဝဆိုတာ ဒီလိုရာထူးမျိုး ဒီလိုနေရာမျိုးရောက်ဖို့အတွက် ရင်းနှီးခဲ့ရတဲ့အချိန်တွေ ပေးဆပ်ခဲ့ရတဲ့ဒုက္ခတွေ ဘယ်နည်းပါ့မလဲ။ နောက်ဆုံးတော့ အလုပ်လက်မဲ့တွေ များလာပြီ၊ ကုန်ဈေးနှုန်းတွေက တစ်နေ့ထက်တစ်နေ့ ပိုတက်လာပြီ၊ အလုပ်အကိုင်တွေ ရှားသထက်ရှားလာပြီ။ အဲဒါတွေအားလုံးဟာ CDM ရဲ့အကျိုးဆက်တွေပါပဲ"ဟု ကျန်းမာရေးဝန်ထမ်းဖြစ်သူ ဒေါ်နုနု(အမည်လွှဲ)က ပြောသည်။

**တွေ့ဆုံမေးမြန်း - ထွန်းထွန်းနိုင်**

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

## မဖွင့်လှစ်နိုင်သေးသည့် ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်ကာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစေလို

အယ်ဒီတာခင်ဗျာ–

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာရှိတဲ့ ပုဂ္ဂလိကဘဏ်တွေ ဖွင့်လှစ်ခြင်းမရှိဘဲ ပိတ်ထားသည်မှာ ကြာမြင့်နေပြီး ငွေကြေးဆိုင်ရာလုပ်ငန်းများလည်း အခက်အခဲဖြစ်ပေါ်နေပါတယ်။

ဒေသတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စတဲ့လုပ်ငန်းတွေလည်ပတ်ဖို့ အဓိကလိုအပ်တာက ငွေကြေးဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေ ဖြစ်ပေါ်ပြောင်းလဲမှုတွေမှာ အခက်အခဲဖြစ်ပေါ်အောင်၊ ပုဂ္ဂလိကဘဏ်တွေ မဖွင့်နိုင်အောင်လုပ်ဆောင်တာဟာ ရပ်ဆိုးအကျည်းတန်စေပြီး ငွေကြေးဆိုင်ရာ စီးပွားရေး၊ ကျန်းမာရေး ကိစ္စရပ်တွေအတွက် အတော်လေးအခက်အခဲဖြစ်နေတာပါ။ ဒါကြောင့် ပုဂ္ဂလိကဘဏ်တွေ ဖွင့်လှစ်နိုင်အောင် လိုအပ်တဲ့လုံခြုံရေးအစောင့်အရှောက်နဲ့ စီစဉ်ဆောင်ရွက်ပေးစေလိုပါတယ်။

မြစ်ကြီးနားမြို့မှာ မြန်မာ့စီးပွားရေးဘဏ်အပြင် KBZ Bank၊ CB Bank၊ မြဝတီဘဏ်၊ ရေဝတီဘဏ်၊ ရိုးမဘဏ်၊ အင်းဝဘဏ်တို့က ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိရာမှာ လတ်တလောအခြေအနေအရ မြန်မာ့စီးပွားရေးဘဏ်၊ မြဝတီဘဏ်နဲ့ အင်းဝဘဏ်တို့သာ အများပြည်သူရုံးဖွင့်ရက်တွေမှာ ဖွင့်လှစ်ပြီး ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မဖွင့်လှစ်နိုင်သေးတဲ့ ပုဂ္ဂလိကဘဏ်တွေလည်း ဆက်လက်ဖွင့်လှစ်ကာ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းတွေကို ဆောင်ရွက်ပေးစေလိုပါတယ်။

**စီးပွားရေးလုပ်ငန်းရှင်တစ်ဦး**

**အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်**

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

# ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ရွှေသင်္ကန်းလျှာဒါန်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်


ရန်ကုန် မတ် ၃၁

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ဩဝါဒလမ်းညွှန်ချက်များခံယူပြီး ၂၀၁၈-၂၀၁၉ ခုနှစ်က ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်းစီမံချက်မှ ဆောင်ရွက်ရန်ကျန်ရှိသောဧရိယာများ၌ ဂါဝီဆိုဒ်မျိုးစုံကပ်လှူခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်တွင် ကြုံခဲ့ရသောကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆိုင်းငံ့ထားခဲ့ရသဖြင့် ဌာပနာစေတီများထို့၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၁၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုအခါ ဌာပနာစေတီအား စနစ်တကျတည်ဆောက်၍ စေတီတော်ကြီးကို မတ် ၂၉ ရက်မှ စတင်ကုသိုလ်ယူလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကြေးဝန်းငါးဆင့်မှ ရွှေသင်္ကန်း Gold Coating ချပ်ရေ ၁၁၀၀၀ ကျော်ကို ဝန်ထမ်းအင်အား ၃၀ ဖြင့် ရောင်တော်ဖွင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဂါဝီဆိုဒ်မျိုးစုံ ကပ်လှူရေးလုပ်ငန်းများကိုလည်း ရာသီဥတု အခြေအနေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ငှက်ပျောဖူးတစ်ဝိုက် ရွှေစင်ပြားများကိုလည်း ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ရာ ရောင်တော်ဖွင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို မတ် ၈ ရက်မှ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ ဘုရားဖူးပြည်သူပေါင်း ခုနစ်သောင်းခန့်ရှိပြီဖြစ်ပြီး ဘုရားဖူးပြည်သူများ စိတ်ချမ်းသာ ကြည်နူးဖွယ်ရာ နေ့နံအလိုက်ဂြိုဟ်တိုင်များတွင် သက်တမ်းကြာမြင့်ပြီဖြစ်သော ကျောက်ဆစ်ရုပ်ပွားတော်များ အသစ်လဲလှယ်ပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ညချမ်းချိန်ခါ ရပ်နီးရပ်ဝေးမှ ထင်ရှားစွာ ကြည်ညိုပူဇော်နိုင်ရေး လုံးတော်ပြည့်ခေတ်မီမီးဆလိုက်ကြီးများ ပူဇော်နိုင်ရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်လျက်ရှိကြောင်း ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်





# ညောင်ဦးမြို့နယ် ငါးပိုင့်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ အခက်ကြုံနေ၍ ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

ညောင်ဦး မတ် ၃၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါးပိုင့်ကျေးရွာရှိ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရ၍ မတ် ၂၉ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ရေသယ်ယာဉ်များဖြင့် သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ငါးပိုင့်ကျေးရွာသည် အိမ်ခြေ ၁၆၄ လုံး၊ လူဦးရေ ၇၀၀ ကျော်ခန့်ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကြောင်းနှင့် ယခုလို ပူအိုက်လင်းရာသီတွင် နှစ်စဉ် သောက်သုံးရေ အခက်ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။ ယမန်နေ့ နံနက်ပိုင်းက သောက်သုံးရေအလှူရှင် နေပြည်တော်မှ ဦးငွေအောင် - ဒေါ်ခင်သီတာကျော် မိသားစုက လှူဒါန်းသော သောက်သုံးရေဂါလန် ၁၆၀၀ အား အလှူရှင်ကိုယ်စား ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ကျေးလက်နေပြည်သူများ ပူအိုက်လင်းရာသီကာလ သောက်သုံးရေ ဖူလုံစေရေးအတွက် အိမ်ခြေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲကြုံတွေ့ပါက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဦးဝင်းမင်းထွန်း ဖုန်း - ၀၉၄၂၀၃၈၀၇၇၀ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်းနှင့် ရပ်ဝေးရပ်နီးမှ စေတနာရှင်ပြည်သူများသည်လည်း သောက်သုံးရေ ကုသိုလ်ပြု လှူဒါန်းလိုပါက အထက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

■

# ကျောက်ဆည်မြို့၌ ကီလိုမာလကာစိုက်ပျိုးရောင်းချသူများ မိသားစုအပိုဝင်ငွေရရှိ

ကျောက်ဆည် မတ် ၃၁

ကျောက်ဆည်မြို့နယ်၌ တန်ခိုးကြီးဘုရားများ ပြန်လည်ဖွင့်လှစ်သောကြောင့် ကီလိုမာလကာ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများ မိသားစုအပိုဝင်ငွေ ရရှိကြောင်း သိရသည်။

"မိသားစုအပိုဝင်ငွေလေးရအောင် ကီလိုမာလကာအပင် ၁၀၀ ကျော်ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားတာ အခုဆိုလေးနှစ်ရှိပါပြီ။ စိုက်ပျိုးပြီး တစ်နှစ်အတွင်း ရောင်းတန်းဝင်အသီးများကို စတင်ခူးဆွတ်လို့ရပါတယ်။ ကိုဗစ်-၁၉ အစောပိုင်းကာလတွေတုန်းက ဘုရားဖူးတွေပိတ်လိုက်တော့ ရောင်းအားကျသွားပါတယ်။ အခုဆိုရင် တန်ခိုးကြီးဘုရားတွေ ပြန်လည်ဖွင့်လိုက်တော့ ဘုရားကိုအမှီပြု ဈေးရောင်းတဲ့ ဈေးသည်တွေရှိလာတော့ ရောင်းအားပြန်ကောင်းလာတယ်။ ဈေးသည်တွေက တစ်နေ့တာကုန်သလောက် ခြံထဲအထိလာပြီး တစ်လုံးကို ငွေကျပ် ၁၅၀ နဲ့ နေ့စဉ်လာဝယ်ကြတဲ့အတွက် မိသားစုအပိုဝင်ငွေများရလာလို့ ပိုမိုအဆင်ပြေလာကြပါတယ်"ဟု ကီလိုမာလကာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် သင်တောင်းကျေးရွာမှ မာလကာခြံပိုင်ရှင် ဒေါ်အေးဝင်းက ပြောသည်။

မာလကာစိုက်ပျိုးရာတွင် လေဝင်လေထွက်ကောင်းပြီး အပင်များသန်စေရန်နှင့် အသီးလုံးလှစေရန်အတွက် တစ်ပင်နှင့်တစ်ပင် ၁၂ ပေခြားပြီး တစ်တန်းနှင့်တစ်တန်း ၁၅ ပေခန့်ခြားကာ စိုက်ပျိုးရသည်။ စိုက်ပျိုးပြီး တစ်နှစ်သားအတွင်း ရောင်းတန်းဝင်အသီးများ စတင်ခူးဆွတ်ရသည်။ အသီးများလှပစေရန်နှင့် သီးလုံးဖောက်ပိုးမဝင်ရအောင် မာလကာအသီးတိုင်းကို စက္ကူဖြင့်ပတ်ပြီး ပလတ်စတစ်အိတ်များ စွပ်ပေးရသည်။ အိတ်စွပ်ပြီးနှစ်လအကြာတွင် မာလကာသီးများ ခူးဆွတ်ရကြောင်း၊ မာလကာစိုက်ပျိုးရာတွင် သွင်းအားစုနည်းပြီး အလုပ်သမားလိုအပ်မှု မရှိသောကြောင့် ရေသွယ်ယူပြီး စိုက်ပျိုးမြေရှိပါက စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

သက်မောင် (ခရိုင်ပြန်/ဆက်)



# ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ဖရူဆို မတ် ၃၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်နှင့် ပြည်မ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ် ဖရူဆိုမြို့နယ် ရာဗေရားကျေးရွာအုပ်စု ရာဗေရား-ယိုဗရား-ခရိုခို ကျေးရွာချင်းဆက်လမ်း (၈/၃) မိုင်အနက် (၃/၃) မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၆၈ ဒသမ ၃၅၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူများက မတ် ၃၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းအားလုံး၏ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးပါက ဖရူဆိုမြို့နယ် ရာဗေရားကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာ၊ အိမ်ခြေ ၃၃၀၊ ဒေသခံလူဦးရေ ၁၃၈၄ ဦးတို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဲရုံပေါင်း ၇၂ ရုံ | ၁၃၀၄၂၉ | ၁၄၁၇၈၅ | ၂၁၆၆ | ၂၇၄ | ၇၄၉၄ |
| ၂ | မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မဲရုံပေါင်း ၂၂၀ ရုံ | ၁၉၈၀၇၄ | ၁၈၃၆၀၁ | ၁၄၀၂၈ | ၁၂၂၉ | ၁၉၈၄၈ |
| ၃ | ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မဲရုံပေါင်း ၁၃၅ ရုံ | ၁၁၅၆၉၆ | ၁၁၇၄၈၈ | ၁၁၈၂၇ | ၇၁၅ | ၁၂၃၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၄၂၇ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၀၅၁၀၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၆၂၆၃၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၄၂၄၆၉၊ မြေပြင်လက်ကျန် ၁၃၄၅၈၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၉၂၁၁ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၃၄၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ချမ်းအေးသာစံ | ၇၂ | ၁၄၉၁၂၇ | ၉၉၃၃၂ | ၄၉၇၉၅ | ၄၄၃၁၆ | ၅၆၈၆ | ၂၀၇ |
| ၂ | ကျောက်ဆည် | ၂၂၀ | ၂၂၄၁၀၂ | ၁၆၈၇၁၂ | ၅၅၃၉၀ | ၅၃၉၆၁ | ၂၅၀၁ | ၁၀၇၂ |
| ၃ | ပန်းတောင်း | ၁၃၅ | ၁၃၁၈၇၂ | ၉၄၅၈၈ | ၃၇၂၈၄ | ၃၆၃၁၀ | ၁၀၄၄ | ၇၀ |
| | စုစုပေါင်း | ၄၂၇ | ၅၀၅၁၀၁ | ၃၆၂၆၃၂ | ၁၄၂၄၆၉ | ၁၃၄၅၈၇ | ၉၂၃၁ | ၁၃၄၉ |

**ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ ချမ်းအေးသာစံမြို့နယ်တွင် မဲရုံပေါင်း ၇၂ ရုံရှိပြီး စုစုပေါင်းထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်အရေအတွက် ၁၄၉၁၂၇ အနက် ၁၃၁၉၅၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၃၀၀၀ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၁၄၁၇၇ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ မဲလက်မှတ်အပိုနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၃၁၉၅၀ | ၉၈၅၀၂ | ၃၃၄၄၈ | ၂၈၀၇၁ | ၅၅၈၄ | ၂၀၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၀၀၀ | ၈၃၀ | ၂၁၇၀ | ၂၀၆၈ | ၁၀၂ | |
| ၃ | မြို့နယ်လက်ကျန် | ၁၄၁၇၇ | | ၁၄၁၇၇ | ၁၄၁၇၇ | | |
| | စုစုပေါင်း | ၁၄၉၁၂၇ | ၉၉၃၃၂ | ၄၉၇၉၅ | ၄၄၃၁၆ | ၅၆၈၆ | ၂၀၇ |

၆။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေး မဲလက်မှတ်များ ထုတ်ယူရရှိမှုမှာ ၁၃၁၉၅၀ ဖြစ်ပြီး ၉၈၅၀၂ အသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၃၄၄၈ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၈၀၇၁ သာ ကျန်ရှိနေသဖြင့် မဲလက်မှတ်ပေါင်း ၅၅၈၄ စောင်မှာ ရပ်/ကျေးများမှ ပြန်လည်အပ်နှံနိုင်ခြင်းမရှိဘဲ အကြောင်းမဲ့ လျော့နည်းပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။ မဲရုံ ၃ ရုံတွင် ထုတ်ပေးထားသည့် မဲလက်မှတ်ထက် ၂၀၇ စောင် ပိုမိုကျန်ရှိနေကြောင်း တွေ့ရှိရသည်။

၇။ စိစစ်ချက်အရ မြို့နယ်ကြိုတင်မဲလက်မှတ် ၃၀၀၀ အနက် ၈၃၀ စောင်အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်း တွေ့ရှိရပြီး လက်ကျန်မဲ ၂၁၇၀ စောင် အမှန်တကယ် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၀၆၈ စောင်သာတွေ့ရှိရသဖြင့် မဲလက်မှတ် ၁၀၂ စောင် လျော့နည်းပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။ မြို့နယ်လက်ကျန်အရန် မဲလက်မှတ် ၁၄၁၇၇ စောင်အား သုံးစွဲမှုမရှိ၍ မြေပြင်လက်ကျန်စာရင်း ကွာဟမှုမရှိကြောင်း တွေ့ရှိရပါသည်။

၈။ ချမ်းအေးသာစံမြို့နယ် တစ်ခုလုံးတွင် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ထုတ်ယူရရှိမှုမှာ ၁၄၉၁၂၇ စောင်ဖြစ်ပြီး ၉၉၃၃၂ စောင် အသုံးပြုခဲ့ကြောင်း တွေ့ရှိရပြီး မဲလက်မှတ်ပေါင်း ၄၄၃၁၆ စောင်ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင် ကျန်ရှိနေကြောင်း တွေ့ရှိရပါသည်။

၉။ ချမ်းအေးသာစံမြို့နယ် ရပ်ကွက်အလိုက် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်အမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကန်ကောက် | ၉ | ၁၄၂၅၀ | ၁၀၄၅၃ | ၃၇၉၇ | ၃၁၅၆ | ၆၄၃ | ၂ |
| ၂ | ပြည်ကြီးမျက်ရှင် | ၃ | ၈၅၀၀ | ၅၈၆၈ | ၂၆၃၂ | ၂၄၃၇ | ၁၉၅ | |
| ၃ | ပြည်ကြီးမျက်မှန် | ၃ | ၅၄၀၀ | ၄၀၆၅ | ၁၃၃၅ | ၁၂၃၆ | ၉၉ | |
| ၄ | ပါတ်ကုန်းပျော်ဘွယ် | ၂ | ၄၅၀၀ | ၃၃၈၀ | ၁၁၂၀ | ၁၀၇၃ | ၅၀ | ၃ |
| ၅ | ရန်မျိုးလုံ | ၃ | ၄၉၀၀ | ၃၉၀၄ | ၉၉၆ | ၈၁၉ | ၁၇၇ | |
| ၆ | ပတ်ကုန်းဝန်းကျင် | ၂ | ၂၈၀၀ | ၂၄၁၁ | ၃၈၉ | ၄၄၃ | ၁၄၈ | ၂၀၂ |
| ၇ | မောရဂီဝါ | ၄ | ၉၂၅၀ | ၆၄၄၈ | ၂၈၀၂ | ၂၁၂၅ | ၆၇၇ | |
| ၈ | စိတ္တရမဟီ | ၃ | ၆၀၀၀ | ၄၃၂၆ | ၁၆၇၄ | ၁၃၇၆ | ၂၉၈ | |
| ၉ | ဟေမာဇလ | ၄ | ၆၃၅၀ | ၄၅၂၅ | ၁၈၂၅ | ၁၅၆၃ | ၂၆၂ | |
| ၁၀ | ချမ်းအေးသာစံ(အရှေ့) | ၃ | ၆၂၀၀ | ၄၁၅၄ | ၂၀၄၆ | ၁၈၀၀ | ၂၄၆ | |
| ၁၁ | ကဠုနမဟီ | ၄ | ၆၉၅၀ | ၅၂၆၉ | ၁၆၈၁ | ၁၃၀၀ | ၃၈၁ | |
| ၁၂ | ချမ်းအေးသာစံ(အလယ်) | ၂ | ၄၃၀၀ | ၂၉၃၅ | ၁၃၆၅ | ၁၂၆၉ | ၉၆ | |
| ၁၃ | ချမ်းအေးသာစံ(အနောက်) | ၁ | ၁၂၀၀ | ၉၂၈ | ၂၇၂ | ၂၇၂ | | |
| ၁၄ | အောင်နန်းရိပ်သာ(အရှေ့) | ၄ | ၈၁၀၀ | ၆၃၁၅ | ၁၇၈၅ | ၁၃၂၄ | ၄၆၁ | |
| ၁၅ | အောင်နန်းရိပ်သာ(အနောက်) | ၅ | ၆၈၅၀ | ၄၈၄၇ | ၂၀၀၃ | ၁၄၇၁ | ၅၃၂ | |
| ၁၆ | ပြည်ကြီးပျော်ဘွယ် (အရှေ့) | ၃ | ၄၈၀၀ | ၃၇၁၅ | ၁၀၈၅ | ၈၈၇ | ၁၉၈ | |
| ၁၇ | ပြည်ကြီးပျော်ဘွယ်(အနောက်) | ၆ | ၁၂၉၅၀ | ၁၀၃၉၉ | ၂၅၅၁ | ၂၁၁၆ | ၄၃၅ | |
| ၁၈ | သီရိဟေမာ(အရှေ့) | ၂ | ၃၆၀၀ | ၂၇၂၂ | ၈၇၈ | ၇၇၈ | ၁၀၀ | |
| ၁၉ | သီရိဟေမာ(အနောက်) | ၄ | ၆၉၅၀ | ၅၅၈၁ | ၁၃၆၉ | ၁၁၂၅ | ၂၄၄ | |
| ၂၀ | ဒေးဝန်း(အနောက်) | ၅ | ၈၁၀၀ | ၆၂၅၇ | ၁၈၄၃ | ၁၅၀၁ | ၃၄၂ | |
| | ရပ်ကျေးချုပ်မဲလက်မှတ် | ၇၂ | ၁၃၁၉၅၀ | ၉၈၅၀၂ | ၃၃၄၄၈ | ၂၈၀၇၁ | ၅၅၈၄ | ၂၀၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၃၀၀၀ | ၈၃၀ | ၂၁၇၀ | ၂၀၆၈ | ၁၀၂ | |
| | မြို့နယ်လက်ကျန် | | ၁၄၁၇၇ | | ၁၄၁၇၇ | ၁၄၁၇၇ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၂ | ၁၄၉၁၂၇ | ၉၉၃၃၂ | ၄၉၇၉၅ | ၄၄၃၁၆ | ၅၆၈၆ | ၂၀၇ |

**ကျောက်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၀။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ မဲရုံပေါင်း ၂၂၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၂၂၄၁၀၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သောလက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၈၇၁၂ ဖြစ်သဖြင့် ကျန်ရှိရမည့် အရေအတွက်မှာ ၅၅၃၉၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၃၉၆၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၀၆၅၅၀ | ၁၆၈၀၆၀ | ၃၈၄၉၀ | ၃၇၀၆၁ | ၂၅၀၁ | ၁၀၇၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၇၅၅၂ | ၆၅၂ | ၁၆၉၀၀ | ၁၆၉၀၀ | | |
| | စုစုပေါင်း | ၂၂၄၁၀၂ | ၁၆၈၇၁၂ | ၅၅၃၉၀ | ၅၃၉၆၁ | ၂၅၀၁ | ၁၀၇၂ |

၁၁။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ကျောက်ဆည်မြို့နယ်၊ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ မဲရုံပေါင်း ၂၂၀ ရုံတွင် မဲလက်မှတ်အရေအတွက် ၂၅၀၁ ပျောက်ဆုံးနေပြီး ၁၀၇၂ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် အရေအတွက် ၆၅၂ ကို အသုံးပြုထားပြီး ၁၆၉၀၀ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။

စာမျက်နှာ ၁၉ သို့ ※

❊ စာမျက်နှာ ၁၈ မှ

၁၂။ ကျောက်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဈေးတန်းရပ်ကွက် | ၁ | ၁၀၀၀ | ၈၁၆ | ၁၈၄ | ၁၈၄ | | |
| ၂ | ဖောင်ရွာရပ်ကွက် | ၂ | ၂၈၀၀ | ၂၃၇၇ | ၄၂၃ | ၄၂၃ | | |
| ၃ | စုကြီးရပ်ကွက် | ၁ | ၉၀၀ | ၁၀၁၅ | -၁၁၅ | ၃၅ | | ၁၅၀ |
| ၄ | ပြည်လုံးနိုင်ရပ်ကွက် | ၂ | ၂၂၀၀ | ၁၈၉၀ | ၃၁၀ | ၄၅၀ | | ၁၄၀ |
| ၅ | မင်းရပ်ရပ်ကွက် | ၄ | ၄၅၀၀ | ၃၅၉၁ | ၉၀၉ | ၉၀၉ | | |
| ၆ | တောင်နောက်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၁၁၄ | ၁၈၆ | ၁၈၆ | | |
| ၇ | အင်ဒိုင်းကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၆၁၆ | ၄၈၄ | ၇၃၄ | | ၂၅၀ |
| ၈ | သင်တောင်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၂၁၈၂ | ၂၆၈ | ၂၇၀ | | ၂ |
| ၉ | ထန်းခင်တော်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၉၀ | ၁၆၀ | ၁၆၀ | | |
| ၁၀ | ငှက္ကတောင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၅၂ | ၄၄၈ | ၄၄၈ | | |
| ၁၁ | အရှေ့ငယ်တိုးကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၂၃၃၄ | ၂၁၆ | ၂၁၆ | | |
| ၁၂ | ရွှေဒါးကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၀၃ | ၅၉၇ | ၁၉၇ | ၄၀၀ | |
| ၁၃ | ရဲဘော်ကြီးကျေးရွာအုပ်စု | ၆ | ၆၇၅၀ | ၅၄၆၃ | ၁၂၈၇ | ၁၂၄၁ | ၄၆ | |
| ၁၄ | ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု | ၃ | ၄၄၀၀ | ၃၅၉၇ | ၈၀၃ | ၇၉၂ | ၁၁ | |
| ၁၅ | ကုလားကျောင်းကျေးရွာအုပ်စု | ၅ | ၄၈၅၀ | ၃၈၅၈ | ၉၉၂ | ၈၉၀ | ၁၀၂ | |
| ၁၆ | ပုထိုးနီကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၂၅၄ | ၂၄၆ | ၂၄၆ | | |
| ၁၇ | ပတ္တာကျေးရွာအုပ်စု | ၆ | ၇၀၅၀ | ၅၆၀၉ | ၁၄၄၁ | ၁၅၄၂ | | ၁၀၁ |
| ၁၈ | ပင်တလည်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၇၈၈ | ၂၆၂ | ၂၆၂ | | |
| ၁၉ | ကင်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၀၈ | ၁၄၂ | ၁၄၂ | | |
| ၂၀ | ဟံမြင့်မိုရ်ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၄၀၃ | ၇၉၇ | ၆၉၉ | ၉၈ | |
| ၂၁ | ပြည်တော်သာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၈၃၈ | ၃၁၂ | ၃၁၄ | | ၂ |
| ၂၂ | ရှမ်းတောင်ဦးကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၅၃၈ | ၂၆၂ | ၂၆၂ | | |
| ၂၃ | မှိုင်းပေန်ကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၄၉၉ | ၈၀၁ | ၈၀၁ | | |
| ၂၄ | ကလေးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၁၀၅၅ | ၁၄၅ | ၁၄၅ | | |
| ၂၅ | အရှေ့သာဂရကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၉၀ | ၂၁၀ | ၂၁၀ | | |
| ၂၆ | သင်္ဂတုံကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၂၄၇ | ၂၀၃ | ၂၀၃ | | |
| ၂၇ | တောင်တော်ကျေးရွာအုပ်စု | ၅ | ၃၉၀၀ | ၃၁၉၆ | ၇၀၄ | ၉၀၇ | | ၂၀၃ |
| ၂၈ | ပုန်းညက်ကျေးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၈၃၁ | ၃၆၉ | ၃၆၉ | | |
| ၂၉ | လယ်ကြီးကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၇၀၅ | ၃၄၅ | ၃၄၅ | | |
| ၃၀ | ပေါက်ပင်ကွေ့ကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၁၁၁၈ | ၁၈၂ | ၁၈၀ | ၂ | |
| ၃၁ | ကျားကာကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၆၅ | ၄၃၅ | ၃၃၄ | ၁၀၁ | |
| ၃၂ | ခတက်ကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၁၃ | ၈၇ | ၈၇ | | |
| ၃၃ | မြေစိုမိုးကောင်းကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၂၈၂၂ | ၄၇၈ | ၆၇၆ | | ၁၉၈ |
| ၃၄ | သံကျေးရွာအုပ်စု | ၆ | ၆၃၀၀ | ၅၀၃၀ | ၁၂၇၀ | ၁၁၇၃ | ၉၇ | |
| ၃၅ | ပဲခင်းကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၆၂၆ | ၄၂၄ | ၃၂၄ | ၁၀၀ | |
| ၃၆ | ပေါင်လောင်ကြီးကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၈၃၁ | ၃၁၉ | ၃၁၅ | ၄ | |
| ၃၇ | ရွာသစ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၃၀ | ၁၂၀ | ၇၀ | ၅၀ | |
| ၃၈ | ရေသရောက်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၄၄ | ၁၅၆ | ၁၅၆ | | |
| ၃၉ | ချောင်းဆုံကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၉၄ | ၄၀၆ | ၂၀၆ | ၂၀၀ | |
| ၄၀ | ရဲကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၈၃ | ၆၇ | ၆၇ | | |
| ၄၁ | သရက်ပင်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၉၈ | ၃၀၂ | ၂၅၂ | ၅၀ | |
| ၄၂ | အုန်းကြောကျေးရွာအုပ်စု | ၂ | ၆၅၀ | ၅၈၈ | ၆၂ | ၄၂ | ၂၀ | |
| ၄၃ | ဇရစ်ခဲကျေးရွာအုပ်စု | ၁ | ၁၅၀ | ၈၄ | ၆၆ | ၁၆ | ၅၀ | |
| ၄၄ | ကြောင်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၇၁ | ၄၇၉ | ၄၇၇ | ၂ | |
| ၄၅ | ကြက်သားဟင်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၅၅၅ | ၃၉၅ | ၃၉၄ | ၁ | |
| ၄၆ | ဆူးကုန်းရပ်ကွက် | ၃ | ၃၄၀၀ | ၂၄၃၉ | ၉၆၁ | ၉၆၁ | | |
| ၄၇ | ရဲစုရပ်ကွက် | ၃ | ၃၅၅၀ | ၂၇၄၉ | ၈၀၁ | ၄၅၀ | ၃၅၁ | |
| ၄၈ | ကြက်မင်းတွန်ရပ်ကွက် | ၃ | ၃၆၀၀ | ၂၇၀၃ | ၈၉၇ | ၇၉၇ | ၁၀၀ | |
| ၄၉ | မြေကြည်လင်ရပ်ကွက် | ၃ | ၄၇၀၀ | ၃၇၅၆ | ၉၄၄ | ၉၄၃ | ၁ | |
| ၅၀ | ဘောဂဝတီရပ်ကွက် | ၄ | ၄၅၅၀ | ၃၆၁၄ | ၉၃၆ | ၉၃၉ | | ၃ |
| ၅၁ | လက်ပန်ဇင်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၂၀၃၈ | ၅၆၂ | ၅၆၃ | | ၁ |
| ၅၂ | ပြည်ပန်းကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၉၄၃ | ၂၀၇ | ၂၁၃ | | ၆ |
| ၅၃ | ကိုးပင်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၇၉ | ၄၂၁ | ၄၂၁ | | |
| ၅၄ | ရှားပင်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၀၃၅ | ၂၁၅ | ၂၁၅ | | |
| ၅၅ | ဒွေးလှကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၀၈ | ၁၄၂ | ၁၄၄ | | ၂ |

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၅၆ | ငါးဆူကျေးရွာအုပ်စု | ၁ | ၂၅၀ | ၂၁၇ | ၃၃ | ၃၃ | | |
| ၅၇ | သင်ပျိုကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၀၁ | ၁၄၉ | ၁၄၉ | | |
| ၅၈ | ကျိုးအိပ်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၈၈၂ | ၃၁၈ | ၃၁၈ | | |
| ၅၉ | စင်းကွန်းကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၇၂၈ | ၃၂၂ | ၃၂၂ | | |
| ၆၀ | ပန်းခွာကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၄၈၉ | ၃၁၁ | ၃၁၁ | | |
| ၆၁ | ကျိုးပြုကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၁၀၅၁ | ၁၉၉ | ၁၉၉ | | |
| ၆၂ | ကြောင်ပန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၉၄၆ | ၂၀၄ | ၂၀၄ | | |
| ၆၃ | ညောင်ရွှေကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၈၀ | ၁၇၀ | ၁၇၀ | | |
| ၆၄ | ညောင်ဝန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၅၈၆ | ၂၁၄ | ၂၁၄ | | |
| ၆၅ | ပွတ်တိုင်ကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၈၆၀ | ၃၄၀ | ၃၄၀ | | |
| ၆၆ | သင်ပုတ်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၅၃၃ | ၃၆၇ | ၃၁၇ | ၅၀ | |
| ၆၇ | ငါးအိုးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၉၀ | ၁၁၀ | ၁၀၉ | ၁ | |
| ၆၈ | ရွာနန်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၈၃ | ၁၁၇ | ၆၇ | ၅၀ | |
| ၆၉ | လက်ပန်ကျေးရွာအုပ်စု | ၅ | ၆၀၀၀ | ၄၃၅၃ | ၁၆၄၇ | ၁၅၉၉ | ၄၈ | |
| ၇၀ | ဇရပ်ဖြူကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၅၅ | ၉၅ | ၉၅ | | |
| ၇၁ | မြောင်းဦးကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၉၂၆ | ၁၂၄ | ၁၂၄ | | |
| ၇၂ | ပနန်ကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၃၁၄ | ၁၈၆ | ၁၈၈ | | ၂ |
| ၇၃ | ကတဲကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၆၉၄ | ၃၀၆ | ၃၀၆ | | |
| ၇၄ | လက်ပန်ပင်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၆၇ | ၈၃ | ၈၃ | | |
| ၇၅ | သူငယ်တော်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၂၅ | ၁၂၅ | ၁၂၃ | ၂ | |
| ၇၆ | တံစိုးကျေးရွာအုပ်စု | ၁ | ၈၅၀ | ၇၆၀ | ၉၀ | ၉၂ | | ၂ |
| ၇၇ | မုန့်ပေါင်းကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၉၁ | ၂၅၉ | ၂၆၁ | | ၂ |
| ၇၈ | သမန္တလင်းကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၄၆၆ | ၂၈၄ | ၂၈၆ | | ၂ |
| ၇၉ | မြင်းကဘက်ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၉၅ | ၂၀၅ | ၁၉၈ | ၇ | |
| ၈၀ | ရွာပုလဲကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၁၆၇ | ၈၃ | ၈၅ | | ၂ |
| ၈၁ | မြေစိုပါယ်လေးဆယ် ကျေးရွာအုပ်စု | ၅ | ၁၉၅၀ | ၁၆၄၆ | ၃၀၄ | ၃၀၄ | | |
| ၈၂ | အနောက်သာဂရကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၈၁၄ | ၅၈၆ | ၅၈၅ | ၁ | |
| ၈၃ | ဘုံကွင်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၉၂ | ၃၀၈ | ၂၃၀ | ၇၈ | |
| ၈၄ | ဒါန်းတိုင်ကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၂၅၉၅ | ၇၀၅ | ၇၀၃ | ၂ | |
| ၈၅ | ရန်ဘက်လိုကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၅၁ | ၁၄၉ | ၁၄၉ | | |
| ၈၆ | ပေတောကြီးကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၉၅၃ | ၃၉၇ | ၃၄၅ | ၅၂ | |
| ၈၇ | စပါယ်တောကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၈၀၀ | ၄၀၀ | ၄၀၀ | | |
| ၈၈ | ရွှေအင်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၂၇ | ၁၇၃ | ၁၇၃ | | |
| ၈၉ | လေးဆယ်ကုန်းကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၇၁၄ | ၄၈၆ | ၄၈၆ | | |
| ၉၀ | ဆူးလေကုန်းကျေးရွာအုပ်စု | ၅ | ၉၃၅၀ | ၇၂၉၁ | ၂၀၅၉ | ၁၇၆၃ | ၂၉၆ | |
| ၉၁ | အင်ရောင်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၃၇၂ | ၂၇၈ | ၂၇၈ | | |
| ၉၂ | မင်းစုကျေးရွာအုပ်စု | ၂ | ၃၃၅၀ | ၂၇၅၅ | ၅၉၅ | ၅၉၅ | | |
| ၉၃ | တောတွင်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၄၃၀ | ၂၂၀ | ၂၂၂ | | ၂ |
| ၉၄ | ကလိုင်ကျော်ကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၆၁၄ | ၃၃၆ | ၃၃၈ | | ၂ |
| ၉၅ | ရဲမအူကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၁၉၁ | ၂၀၉ | ၂၀၉ | | |
| ၉၆ | မယ်ဇယ်ပင်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၄၉ | ၁၀၁ | ၇၅ | ၂၆ | |
| ၉၇ | စိုင်မလန်းကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၃၂ | ၁၁၈ | ၁၆ | ၁၀၂ | |
| | ရပ်ကွက်/ကျေးရွာချုပ် | ၂၂၀ | ၂၀၆၅၅၀ | ၁၆၈၀၆၀ | ၃၈၄၉၀ | ၃၇၀၆၁ | ၂၅၀၁ | ၁၀၇၂ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၇၅၅၂ | ၆၅၂ | ၁၆၉၀၀ | ၁၆၉၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၂၀ | ၂၂၄၁၀၂ | ၁၆၈၇၁၂ | ၅၅၃၉၀ | ၅၃၉၆၁ | ၂၅၀၁ | ၁၀၇၂ |

**ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၃။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁၊ ကျေးရွာ ၂၁၀ ရှိပြီး မဲရုံပေါင်း ၁၃၅ ရုံအတွက် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲအရေအတွက် ၁၃၁၈၇၂ စောင်အား ရပ်/ကျေးမဲလက်မှတ် ၁၂၃၃၅၀ စောင်၊ မြို့နယ် မဲလက်မှတ် ၈၅၂၂ စောင်ဟူ၍ ဖြန့်ခွဲထုတ်ပေးအသုံးပြုထိန်းသိမ်းထားရှိပါသည်။ မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၂၃၃၅၀ | ၉၁၉၄၀ | ၃၁၄၁၀ | ၃၀၅၆၇ | ၉၁၃ | ၇၀ |
| ၂ | မြို့နယ်မဲလက်မှတ် | ၈၅၂၂ | ၂၆၄၈ | ၅၈၇၄ | ၅၇၄၃ | ၁၃၁ | |
| | စုစုပေါင်း | ၁၃၁၈၇၂ | ၉၄၅၈၈ | ၃၇၂၈၄ | ၃၆၃၁၀ | ၁၀၄၄ | ၇၀ |

စာမျက်နှာ ၂၀ သို့ ❊

❊ စာမျက်နှာ ၁၉ မှ

၁၄။ ပန်းတောင်းမြို့နယ်၊ ရပ်/ကျေး မဲလက်မှတ် ၁၂၃၃၅၀ စောင်အနက် ၉၁၉၄၀ စောင် ဆန္ဒမဲပေး အသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၁၄၁၀ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၃၀၅၆၇ စောင်သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက်အရ မဲရုံ ၁၁ ရုံတွင် မဲလက်မှတ် ၁၀၄၄ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၁၈ ရုံတွင် တရားမဝင်မဲလက်မှတ် အစောင် ၇၀ အပိုရှိနေကြောင်း တွေ့ရှိရပါသည်။

၁၅။ ပန်းတောင်းမြို့နယ်တစ်ခုလုံးတွင် မူလထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်ပေါင်း ၁၃၁၈၇၂ စောင် အနက် ၉၄၅၈၈ စောင်အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်းတွေ့ရပြီး မဲလက်မှတ်ပေါင်း ၃၆၃၁၀ စောင် အား အသုံးမပြုဘဲ ကျန်ရှိနေသည့်ဆန္ဒမဲလက်မှတ်များအဖြစ် မြေပြင်တွင် စစ်ဆေးတွေ့ရှိရပါသည်။

၁၆။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာ အုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကြခပ်ရပ်ကွက် | ၁ | ၁၄၅၀ | ၁၀၄၄ | ၄၀၆ | ၄၀၆ | | |
| ၂ | မင်းရပ်ရပ်ကွက် | ၁ | ၉၀၀ | ၆၈၀ | ၂၂၀ | ၂၁၈ | ၂ | |
| ၃ | ရတနာပုံရပ်ကွက် | ၄ | ၄၈၅၀ | ၃၁၀၇ | ၁၇၄၃ | ၁၇၄၇ | | ၄ |
| ၄ | ရွှေပင်ရပ်ကွက် | ၂ | ၂၉၀၀ | ၂၁၁၃ | ၇၈၇ | ၇၈၇ | | |
| ၅ | ပြည်တော်သာရပ်ကွက် | ၂ | ၂၂၅၀ | ၁၅၉၈ | ၆၅၂ | ၆၅၄ | | ၂ |
| ၆ | ရွာသာယာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၂၈၉ | ၈၆၁ | ၈၆၀ | ၁ | |
| ၇ | ရွှေဘုံသာကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၆၁၆ | ၅၈၄ | ၅၈၃ | ၁ | |
| ၈ | ဆင်တဲကျေးရွာအုပ်စု | ၇ | ၈၆၀၀ | ၆၁၀၅ | ၂၄၉၅ | ၂၀၈၅ | ၄၁၀ | |
| ၉ | သရက်လိန်ကျေးရွာအုပ်စု | ၄ | ၃၆၀၀ | ၂၆၀၅ | ၉၉၅ | ၉၉၉ | | ၄ |
| ၁၀ | လဲကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၂၄၄၁ | ၇၅၉ | ၇၆၁ | | ၂ |
| ၁၁ | ညောင်ခြေထောက်ကျေးရွာအုပ်စု | ၄ | ၆၁၅၀ | ၄၄၅၀ | ၁၇၀၀ | ၁၇၀၄ | | ၄ |
| ၁၂ | ညောင်ကျိုးကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၇၉၂ | ၃၅၈ | ၃၆၄ | | ၆ |
| ၁၃ | စွယ်တော်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၄၈၁ | ၁၆၉ | ၁၇၀ | | ၁ |
| ၁၄ | ဒန့်ဒလွန်ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၆၀၃ | ၈၄၇ | ၆၉၆ | ၁၅၁ | |
| ၁၅ | ငါးဆယ်ပေးကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၇၉ | ၃၇၁ | ၃၇၁ | | |
| ၁၆ | ဒေါင်းမနားကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၇၉ | ၄၇၁ | ၄၇၃ | | ၂ |
| ၁၇ | ရပ်သာကျေးရွာအုပ်စု | ၄ | ၂၄၀၀ | ၁၇၉၉ | ၆၀၁ | ၆၀၁ | | |
| ၁၈ | တလုပ်ပင်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၈၇၀ | ၅၃၀ | ၅၃၁ | | ၁ |
| ၁၉ | ကိုင်းကြီးကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၅၃၄ | ၆၁၆ | ၆၁၆ | | |
| ၂၀ | ဇရပ်လှကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၆၀ | ၂၉၀ | ၂၉၀ | | |
| ၂၁ | တောင်ဘိုကြီးကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၂၄ | ၄၇၆ | ၄၇၆ | | |
| ၂၂ | ကျောင်းဦးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၆၀၄ | ၅၉၆ | ၆၀၀ | | ၄ |
| ၂၃ | ရေကျော်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၉၂ | ၅၀၈ | ၅၀၈ | | |
| ၂၄ | ကျီးပင်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၄၅ | ၃၅၅ | ၃၅၅ | | |
| ၂၅ | ညောင်ပင်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၅၁ | ၅၄၉ | ၅၄၉ | | |
| ၂၆ | ရွှေညီနောင်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၇၉ | ၁၂၁ | ၁၂၁ | | |
| ၂၇ | ဝန်လိုရပ်ကွက် | ၁ | ၁၃၀၀ | ၁၀၀၆ | ၂၉၄ | ၂၉၆ | | ၂ |
| ၂၈ | စီသာရပ်ကွက် | ၁ | ၁၄၀၀ | ၁၁၀၂ | ၂၉၈ | ၂၉၈ | | |
| ၂၉ | ဖောင်းကံရပ်ကွက် | ၁ | ၁၀၅၀ | ၈၁၁ | ၂၃၉ | ၂၃၉ | | |
| ၃၀ | တောင်ဘွေကျေးရွာအုပ်စု | ၅ | ၂၆၀၀ | ၁၉၄၃ | ၆၅၇ | ၆၁၄ | ၄၃ | |
| ၃၁ | ရေလယ်ကျွန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၁၉၅ | ၄၅၅ | ၄၅၅ | | |
| ၃၂ | မကြီးထုံးကျေးရွာအုပ်စု | ၅ | ၃၁၅၀ | ၂၃၂၅ | ၈၂၅ | ၇၇၄ | ၅၁ | |
| ၃၃ | သူရဲတန်းကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၅၂၇ | ၇၂၃ | ၇၂၃ | | |
| ၃၄ | ထိပ်ပေါက်ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၅၀၆ | ၂၉၄ | ၂၉၆ | | ၂ |
| ၃၅ | ကျောက်ဖူးကျေးရွာအုပ်စု | ၆ | ၅၃၅၀ | ၄၄၇၀ | ၈၈၀ | ၈၂၈ | ၅၂ | |
| ၃၆ | နတ်မောက်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၂၀၃၃ | ၅၁၇ | ၅၁၅ | ၂ | |
| ၃၇ | ပဲကြီးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၄၂ | ၄၅၈ | ၄၅၈ | | |
| ၃၈ | လှည်းကူးကျေးရွာအုပ်စု | ၃ | ၄၄၅၀ | ၃၇၃၈ | ၇၁၂ | ၇၁၂ | | |
| ၃၉ | ကြိုးကြာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၄၇ | ၅၀၃ | ၅၀၃ | | |
| ၄၀ | ကျွန်းမီးကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၆၉၃ | ၆၅၇ | ၆၆၁ | | ၄ |
| ၄၁ | ထုံးဘိုကျေးရွာအုပ်စု | ၅ | ၅၃၅၀ | ၄၁၇၁ | ၁၁၇၉ | ၁၁၉၃ | | ၁၄ |
| ၄၂ | စမ်းဝကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၉ | ၂၃၁ | ၂၃၁ | | |
| ၄၃ | မြောင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၈၅ | ၂၁၅ | ၂၁၇ | | ၂ |
| ၄၄ | ကုန်းကလေးကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၈၃ | ၃၆၇ | ၃၆၉ | | ၂ |
| ၄၅ | ကွင်းလှကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၂၉၂၂ | ၁၁၂၈ | ၁၁၃၂ | | ၄ |
| ၄၆ | ထောက်ကြံ့ကုန်းကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၄၁၆ | ၃၈၄ | ၃၈၄ | | |
| ၄၇ | တုံကင်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၄၇၄ | ၂၇၆ | ၂၈၆ | | ၁၀ |
| ၄၈ | ကျီးတောကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၈၀၆ | ၈၄၄ | ၆၄၈ | ၁၉၆ | |
| ၄၉ | ဖရုံကားကျေးရွာအုပ်စု | ၃ | ၃၆၅၀ | ၂၄၃၆ | ၁၂၁၄ | ၁၂၁၀ | ၄ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၃၅ | ၁၂၃၃၅၀ | ၉၁၉၄၀ | ၃၁၄၁၀ | ၃၀၅၆၇ | ၉၁၃ | ၇၀ |
| | မြို့နယ်ကြိုတင်မဲ | | ၈၅၂၂ | ၂၆၄၈ | ၅၈၇၄ | ၅၇၄၃ | ၁၃၁ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၅ | ၁၃၁၈၇၂ | ၉၄၅၈၈ | ၃၇၂၈၄ | ၃၆၃၁၀ | ၁၀၄၄ | ၇၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ငါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ကိုယ်ပိုင်ဈေး City Mart များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းရှိ ကိုယ်ပိုင်ဈေး City Mart တွင် မတ် ၃၁ ရက်က ဖွင့်လှစ်ရောင်းချနေသည်ကို တွေ့ရစဉ်။

သတင်းစဉ်

## ဝေါမြို့နယ် ဗိုက်စတားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ပဲတီစိမ်းများ စိုက်ပျိုးထွက်ရှိ

ဝေါ မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဗိုက်စတားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၃၆ ဦး ပိုင်ဆိုင်သော စိုက်ဧက ၁၁၀ ပေါ်တွင် ပဲတီစိမ်းများကို စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ခုနစ်တင်း ထွက်ရှိပြီး စုစုပေါင်း ပဲတီစိမ်းတင်းပေါင်း ၇၇၀ ကျော် ထွက်ရှိခဲ့ကြောင်း၊ ဒေသပေါက်ဈေးအနေဖြင့် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၁၇၇၅၀ နှုန်း ရရှိကြောင်း သိရသည်။

သတင်းစဉ်

# လက်သုံးချောင်းထောင်ခြင်း၏ နောက်ကွယ်ကအရာ...

## ကိုသံချောင်း - မစာဥ စကားပြောခန်း (၁၁)

ဒေါင်

တစ်ကိုယ်လုံးညစ်ပေနံ့စော်နေတဲ့မစာဥကိုကြည့်ရင်း ကိုသံချောင်း အံ့အားသင့်မိနေပါတယ်။ အသန့်အပြန့်ကြိုက်သူအပျိုကြီးမစာဥဟာ ဘယ်လိုအကြောင်းကြောင့် ဒီလို ညစ်ပေတဲ့အလုပ်ကိုများ လုပ်သလဲပေါ့။

"ရှင်..အံ့သြသွားတာလား ကိုသံချောင်းရဲ့။ ဒါက နောက်ဆုံးပေါ်သပိတ်ရှင့် အမှိုက်သပိတ်လို့ ခေါ်တယ်။ ကျွန်မတော့ အိမ်ကအမှိုက်တွေ၊ စွန့်ပစ်ရမယ့် ပစ္စည်းအစုတ်တွေကို လမ်းထိပ်သွားပြီး ချခဲ့တာ။ လက်စနဲ့ သူများအိမ်ကအမှိုက်တွေပါ ယူပြီး ချပေးခဲ့တယ်.."

ကိုသံချောင်းသိလိုက်ပါပြီ။ အိမ်ကအမှိုက်တွေ၊ လမ်းထိပ်အမှိုက်ပုံးက အမှိုက်တွေကို လမ်းပေါ် သွန်ပစ်တယ်။ အမှိုက်သပိတ်လုပ်တယ်။ လက်ရှိ အစိုးရကို အမှိုက်သပိတ် မှောက်တယ်ပေါ့လေ။

"မအံ့သြပါဘူးဗျာ။ ခင်ဗျားလို မြောက်ပေးတိုင်းလုပ်တတ်တဲ့သူတွေကိုမြင်တိုင်း သွားလေသူပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်မင်းဆက် မြန်မာနိုင်ငံတော်ကြီးကို ဘုန်းမီးနေလတောက်ပအောင် စွမ်းဆောင်ခဲ့ကြတဲ့ ဘုရင်မင်းကြီးတွေ၊ လွတ်လပ်ရေးအတွက် ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် အသက်စွန့်သွားကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်တွေကိုပဲ ထပ်တလဲလဲအားနာမိတာ။ ခင်ဗျားတို့ဟာက ဒီမိုကရေစီတောင်းဆိုတဲ့သူလို့ ပြောဖို့တောင်မထိုက်တန်တဲ့သူတွေပဲဗျာ"

"ဒီမယ် ကိုသံချောင်း။ လွှင့်ပစ်ရမယ့် အမှိုက်တွေနဲ့ တော်လှန်တာဟာ ခေတ်မီတာရှင့်"

"ဟုတ်ပါပြီဗျာ။ အဲဒီလို ခင်ဗျားတို့ လမ်းပေါ် အမှိုက်တွေ လွှင့်ပစ်တော့ ခင်ဗျားတို့မြို့ ခင်ဗျားတို့လမ်းပဲ ညစ်ပတ်နံ့စော်နေရတာမဟုတ်လားဗျာ။ ပြီးတော့ အဲဒီအနံ့အသက်တွေက သက်ကြီးရွယ်အိုတွေကို ဒုက္ခရောက်စေတယ်။ အကယ်၍များ လမ်းထဲက တစ်ယောက်ယောက် အရေးပေါ်ဆေးကုသဖို့ လိုအပ်တယ်ဆိုပါတော့ဗျာ။ အမှိုက်တွေ ပိတ်ထားလို့ သွားရခက်၊ လာရခက်နဲ့ ထိခိုက်မှာက ဘယ်သူဖြစ်မလဲဆိုတာ မစဉ်းစားမိကြတာလား။ နေကပူပူနဲ့ အမှိုက်သရိုက်တွေပြန်သိမ်းခိုင်းမှ နံနံစော်စော်နဲ့ နောက်မလုပ်တော့ပါဘူးရှင့်ဆိုပြီး မငိုကြနဲ့နော်။ အခုလို ဥပဒေကိုဆန့်ကျင်ပြီး ထိခိုက်အောင် တစ်နေ့တစ်မျိုး ဖောက်ဖျက်ကျူးလွန်နေတဲ့ အဓိကရည်ရွယ်ချက်က ဘာများလဲဗျာ"

"ဒီမိုကရေစီရှင့်... ကျွန်မတို့လိုချင်တာ ဒီမိုကရေစီပဲ"

မစာဥက ဒေါနဲ့မာန်နဲ့ ရေရွတ်လိုက်တဲ့ စကားစုက ကိုသံချောင်းအတွက်တော့ မပြုံးဘဲဝါးလုံးကွဲသာ ရယ်လိုက်ချင်တော့တာ။

"ဘာဗျ.. ဒီမိုကရေစီတဲ့လား။ ဒါဖြင့် အခုက ဒီမိုကရေစီလမ်းကြောင်းသွားနေတာ မဟုတ်လားဗျ။ ခင်ဗျားကို ရှင်းပြရတာလည်း ကျွန်တော်မောပြီး အသက်ထွက်တော့မယ်။ ဒီမိုကရေစီလမ်းကြောင်းအတိုင်းသွားနေတာ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၅ နဲ့ အခု ၂၀၂၀ ရွေးကောက်ပွဲဆိုပြီး ဖြတ်သန်းလာခဲ့တာလေဗျာ။ တတိယသက်တမ်းကျမှ မဲလိမ်၊ မဲခိုးလို့ အဲဒါကို ဖော်ထုတ်နေပြီလေ။ ညှိနှိုင်းဆောင်ရွက်တာကို လက်မခံလို့ တပ်မတော်ကနေ ဥပဒေနဲ့အညီ အရပ်သားတွေပါဝင်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဆိုတာကို ဖွဲ့တယ်။ ပြီးတော့ သွားမယ့်လမ်းကြောင်းက ခင်ဗျားပြောတဲ့ ဒီမိုကရေစီပဲ။ တစ်ခုတော့ရှိတယ်။ စည်းလွတ်ဝါးလွတ် ကြိုက်တဲ့သူတက်ပြီး အုပ်ချုပ်မယ့် ဒီမိုကရေစီတော့ မဟုတ်ဘူး။ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီပဲ။ ရွေးကောက်ပွဲကို စနစ်တကျနဲ့ ပြန်ကျင်းပကြမယ်ဆိုတာ ခင်ဗျားလည်း သိပြီးသားပဲလေဗျာ"

"ဒါတွေမသိဘူးရှင်။ ကျွန်မကတော့ လက်သုံးချောင်းကို အမြဲထောင်ထားမယ်။ မနက်ကိုးနာရီတိုင်း နွေဦးတိုက်ပွဲမှာ ကျဆုံးသူတွေအတွက် လက်ခုပ်တီးမယ်။ နေ့ခင်းဆို ဆန္ဒပြမယ်။ ညဆိုသံပုံးတီးမယ်။ အဲဒါ ဒီမိုကရေစီအတွက် တိုက်ပွဲပဲ"

"ခင်ဗျားတို့ဟာက မမြင်ရတဲ့ဦးဆောင်သူတွေ လေလှိုင်းပေါ်ကပြောတာတွေနဲ့ပဲ အခုလောက်အထိ ဖြစ်နေတာက အတော်ကိုဆိုးတာပဲ အပျိုကြီးရဲ့။ နတ်ဆိုးစေတာနဲ့ လူစီးဖာတို့ကို ဆရာတင်နေမိတဲ့သူတွေလိုဖြစ်နေပြီဗျ။ ကျွန်တော်တို့ တိုင်းပြည်က ပြည်သူတွေအများစုဟာ သိပ်ကိုရိုးသားကြတယ်။ နိုင်ငံရေးပရိယာယ်ကိုလည်း နားမလည်ဘူး။ တစ်ပါတီအာဏာရှင်ဖြစ်ပြီး ငါးနှစ်လုံးလုံး "ကျွန်မတို့ပြည်သူတွေ၊ ကျွန်မတို့ပြည်သူတွေနဲ့" ပြည်သူတွေရဲ့ မေတ္တာတရားကို ခုတုံးလုပ်ပြီး လုပ်ချင်ရာလုပ်တုန်းကလည်း သေသေချာချာ မသိခဲ့ကြဘူး။ နိုင်ငံတကာ နိုင်ငံရေးအခြေအနေ၊ ပထဝီနိုင်ငံရေး သဘောတရားတွေကိုလည်း ဘာမှမသိကြဘူး။ သိတဲ့သူတွေ၊ သတိထားမိတဲ့သူတွေက ထောက်ပြတဲ့အခါမှာလည်း လူအုပ်စုတွေဝိုင်းပြီး ကျီးအာသလိုအာကြတယ်။ အခုအချိန်မှာလည်း အဆိုးဆုံးကတော့ ပညာတတ်တွေကိုယ်တိုင်ကကို အခြေအနေကို မသုံးသပ်ဘဲ ဒိန်းဒလိန်းနတ်ဖမ်းစားသလိုမျိုး ဆေးကို မမီတော့တာဗျို့။ ဘယ်လိုရှင်းပြတာမျိုးမှလည်း လက်မခံချင်ကြတော့ဘူး"

"ဒါကတော့ ကိုသံချောင်းအမြင်ပေါ့လေ။ ကျွန်မကတော့ နိုင်ငံရေးလည်းမသိဘူး။ နားလည်းမလည်ပါဘူး။ ကျွန်မက ပြည်သူထဲက ပြည်သူဆိုတော့ ပြည်သူတွေက အဲဒီလိုလုပ်ဆိုရင် လိုက်ပြီးလုပ်ကြရမှာပဲ။ နိုင်ငံတကာကလည်း လာတော့မှာပါရှင့်"

"တော်ပါတော့အပျိုကြီးရယ်။ ခင်ဗျားတို့ အထင်ကြီးနေတဲ့ ဆာဆာဆိုတဲ့ ဝရမ်းပြေး လူငယ်လေးကိုယ်တိုင်တောင် ဝန်ခံထားရပြီလေဗျာ။ တရုတ်နဲ့ ရုရှားရှိနေသရွေ့ နိုင်ငံတကာတပ်တွေဝင်ပြီး R2P လုပ်ဖို့ခက်ပါသတဲ့ဗျာ။ ဒါကြောင့် အပြင်က ပူးတိုက်မယ်တို့၊ အတွင်းကခွတိုက်မယ်တို့ မစဉ်းစားပါနဲ့ဗျာ။

**ခင်ဗျားတို့အထင်ကြီးနေတဲ့ ဆာဆာဆိုတဲ့ ဝရမ်းပြေး လူငယ်လေးကိုယ်တိုင်တောင် ဝန်ခံထားရပြီလေဗျာ။ တရုတ်နဲ့ ရုရှားရှိနေသရွေ့ နိုင်ငံတကာတပ်တွေဝင်ပြီး R2P လုပ်ဖို့ ခက်ပါသတဲ့ဗျာ။ ဒါကြောင့် အပြင်က ပူးတိုက်မယ်တို့၊ အတွင်းကခွတိုက်မယ်တို့ မစဉ်းစားပါနဲ့ဗျာ။ အေးအေးချမ်းချမ်းနဲ့ ရွေးကောက်ပွဲ အမြန်ဆုံးပြန်ကျင်းပနိုင်အောင်သာ ကြိုးစားကြပါစို့လား။ အခုဟာက ပြည်သူတွေက ရိုးရိုးဆန္ဒပြပွဲတွေအပြင် ကျွန်တော်စိတ်ပူတဲ့ ကိစ္စတစ်ခုလည်းရှိသေးတယ် မစာဥရဲ့**

အေးအေးချမ်းချမ်းနဲ့ ရွေးကောက်ပွဲ အမြန်ဆုံးပြန်ကျင်းပနိုင်အောင်သာ ကြိုးစားကြပါစို့လား။ အခုဟာက ပြည်သူတွေက ရိုးရိုးဆန္ဒပြပွဲတွေအပြင် ကျွန်တော်စိတ်ပူတဲ့ ကိစ္စတစ်ခုလည်းရှိသေးတယ် မစာဥရဲ့"

"ဟုတ်တယ် အဲဒါတော့ ကျွန်မဆီမှာလည်း တိုင်းပြည်အတွက်စိတ်ပူတဲ့အကြောင်း တစ်ခုရှိတယ်။ ရိုဟင်ဂျာတွေကို တောင်းပန်ပါတယ်ဆိုပြီး စာတွေထုတ်ကြ၊ ဝမ်းနည်းကြတာတွေ မြင်ရတာတော့ တော်တော်စိတ်ပျက်တယ်ရှင်"

"အလဲ့.. ခင်ဗျားနဲ့ကျွန်တော်က မတူတာတွေရှိသလို တူညီတဲ့ခံစားချက်တွေလည်း ရှိနေတာကို အပျိုကြီးရဲ့။ ကျွန်တော်စိတ်ပူတာလည်း ဒီကိစ္စပဲ။ လူတွေကို လမ်းပေါ် ထွက်ခိုင်း၊ ဥပဒေနဲ့ ဆန့်ကျင်ခိုင်း၊ ဒေါက်တာဆာဆာတို့လို၊ ဒေါက်တာဇော်ဝေစိုးတို့လို ထင်ရှားတဲ့လူတော်တွေကို သိမ်းသွင်းပြီး သစ္စာဖောက်ဖြစ်အောင်၊ ဝရမ်းပြေးဖြစ်အောင် မြှောက်ပေးပြီး နောက်ကွယ်ကလက်မည်းကြီးကို ကျွန်တော်တော့ ရေးရေးမြင်ရသလိုပဲဗျ။ ဆေးတက္ကသိုလ် (၁) ကျောင်းသားသမဂ္ဂကဆိုပြီး အပြစ်ဝန်ချတောင်းပန်လွှာထုတ်တာ၊ သန်လျင်နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂကဆိုပြီး တောင်းပန်စာထုတ်တာတွေကိုမြင်ရတာ အတောလေးစိတ်ပျက်မိတယ်ဗျာ"

"ရှင်က ပွဲခင်းထဲရောက်တယ်ထင်ပြီး ဖျာဝင်ခင်းချင်ပြန်ပြီ။ ကျွန်မက ပြည်သူတစ်ယောက်ရဲ့ ခံစားချက်ရှိသလို တိုင်းပြည်ကိုချစ်တဲ့စိတ်ကြောင့် ဘင်္ဂါလီအရေးကိုတော့ စိတ်ပူတယ်ရှင့်။ ရှင်သိရဲ့လား ဒီရက်ပိုင်းမှာ "လူမျိုးတုံးသတ်ဖြတ်တာကို ခံထားရတဲ့ ရိုဟင်ဂျာလေးတွေကလည်း တို့နိုင်ငံက ညီအစ်ကိုမောင်နှမများနဲ့ ထပ်တူပါပဲ။ ကျွန်တော်တို့လည်း အိမ်ပြန်လာချင်ပါတယ်။ ဝန်ထမ်းတွေအလုပ်မဆင်းတာ၊ ဂျန်နီလေးတွေ သွေးမြေကျနေတာတွေကိုမြင်ရတာ ခံစားရပါတယ်။ ပြည်သူတွေကို ထောက်ခံပါတယ်။ အတူတူရှိပါတယ်။ ဒီတော်လှန်ရေးအောင်ရပါမယ်" ဆိုပြီး ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းက ပုံတွေအွန်လိုင်းမှာ တက်လာတယ်ရှင့်"

"ဖျာခင်းတာက ကျွန်တော်မဟုတ်ရပါဘူး မစာဥရယ်။ အဲဒီလိုလူတွေပေါ့ဗျာ။ တိုင်းပြည်မငြိမ်မသက်ဖြစ်လေ ကြိုက်လေပေါ့။ ဒါမှ တိုင်းပြည်ပျက်စီးမယ်။ သူတို့က လစ်ဘရယ်ဆိုပြီး အော်ကြလိမ့်မယ်ဗျ။ ပြီးတာနဲ့ သွေးထိုးပြီး အခုကျောင်းသားသမဂ္ဂတွေ စာထုတ်တာလိုမျိုးကို တိုးပြီးဖော်ဆောင်လာကြလိမ့်မယ်ဗျာ။ အတူတူနေပြီး ဆွေမျိုးသားချင်းတွေလိုဖြစ်နေတဲ့ ပြည်တွင်းက အစ္စလာမ်ဘာသာကိုးကွယ်သူတွေကိုတော့ အားနာမိပါတယ်ဗျာ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ရိုဟင်ဂျာဆိုပြီး အတင်းကို တိုင်းရင်းသားဖြစ်ဖို့စောင့်နေတဲ့ ဘင်္ဂါလီတွေကိုတော့ ပြည်သူတစ်ယောက်အနေနဲ့ လုံးဝလက်မခံနိုင်ဘူးဗျာ။ တပ်မတော်လိုအားကောင်းတဲ့ အဖွဲ့အစည်းကို ဆန့်ကျင်ဖို့လောက်နဲ့ တိုင်းပြည်ရဲ့ အနာဂတ်ကို ဘင်္ဂါလီတွေဆီ ခွဲဝေပေးဖို့လောက်အထိ စဉ်းစားတာမျိုးတော့ မဖြစ်စေလိုပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ပိုင်းခြားပါ မစာဥရယ်။ မဖြစ်သင့်တာ မဖြစ်အောင်၊ မမှားသင့်တဲ့ အမှားကို မကျူးလွန်မိအောင်၊ ဥပဒေအပြင်ကို မရောက်သွားအောင်၊ တိုင်းပြည်ကို အမှောင်မဖုံးအောင် ခင်ဗျားရော၊ ကျွန်တော်ရော၊ ပြည်သူတွေအားလုံးရော အသိနဲ့ သတိနော်"

**ဖျာခင်းတာက ကျွန်တော်မဟုတ်ရပါဘူး မစာဥရယ်။ အဲဒီလိုလူတွေပေါ့ဗျာ။ တိုင်းပြည်မငြိမ်မသက်ဖြစ်လေ ကြိုက်လေပေါ့။ ဒါမှတိုင်းပြည်ပျက်စီးမယ်။ သူတို့က လစ်ဘရယ်ဆိုပြီး အော်ကြလိမ့်မယ်ဗျ။ ပြီးတာနဲ့ သွေးထိုးပြီး အခုကျောင်းသားသမဂ္ဂတွေ စာထုတ်တာလိုမျိုးကို တိုးပြီးဖော်ဆောင်လာကြလိမ့်မယ်ဗျာ။ အတူတူနေပြီး ဆွေမျိုး သားချင်းတွေလိုဖြစ်နေတဲ့ ပြည်တွင်းက အစ္စလာမ်ဘာသာကိုးကွယ်သူတွေကိုတော့ အားနာမိပါတယ်ဗျာ။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ရိုဟင်ဂျာဆိုပြီး အတင်းကို တိုင်းရင်းသားဖြစ်ဖို့စောင့်နေတဲ့ ဘင်္ဂါလီတွေကိုတော့ ပြည်သူတစ်ယောက်အနေနဲ့ လုံးဝလက်မခံနိုင်ဘူးဗျာ။ တပ်မတော်လို အားကောင်းတဲ့အဖွဲ့အစည်းကို ဆန့်ကျင်ဖို့လောက်နဲ့ တိုင်းပြည်ရဲ့ အနာဂတ်ကို ဘင်္ဂါလီတွေဆီ ခွဲဝေပေးဖို့လောက်အထိ စဉ်းစားတာမျိုးတော့ မဖြစ်စေလိုပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ပိုင်းခြားပါ မစာဥရယ်။ မဖြစ်သင့်တာ မဖြစ်အောင်၊ မမှားသင့်တဲ့အမှားကို မကျူးလွန်မိအောင်၊ ဥပဒေအပြင်ကို မရောက်သွားအောင်၊ တိုင်းပြည်ကို အမှောင်မဖုံးအောင် ခင်ဗျားရော၊ ကျွန်တော်ရော၊ ပြည်သူတွေအားလုံးရော အသိနဲ့ သတိနော်**

"ဟုတ်ပါပြီရှင်။ လက်သုံးချောင်းထောင်ခြင်းရဲ့ နောက်ကွယ်က အရာတွေကိုတော့ ပြည်သူတွေ သတိရှိရှိ၊ အမှန်သိသိနဲ့ ဆင်ခြင်ဖော်ထုတ်ရဦးမှာပေါ့ရှင်"

မစာဥကား နေအိမ်သို့ ပြန်သွားခဲ့လေပြီ။ ကိုသံချောင်းကတော့ ဆက်၍တွေးနေမိဆဲ။ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ။ အဖျက်အမှောင့်ကို ရည်ရွယ်ချက်ရှိရှိ တွန်းပို့လုပ်ဆောင်နေသူတွေ၊ တိုင်းပြည်ပျက်စီးစေဖို့ ကျိတ်ကြံနေကြသူတွေ ပျောက်ကွယ်ပါစေဟု ဆုတောင်းရင်းသာ....။ ။

# ရန်ကုန်မြို့သစ်စီမံကိန်းဖော်ဆောင်ရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့သစ် စီမံကိန်းဖော်ဆောင်ရေးသက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဌာနမှူး ဦးသစ္စာ၊ ရန်ကုန်တောင်ပိုင်းခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်းအောင်တို့က ရန်ကုန်မြို့သစ် စီမံကိန်းတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ဌာနအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန် အနောက်တောင်မြို့သစ်စီမံကိန်းသည် စီမံကိန်းပမာဏကြီးမားကျယ်ပြန့်သော လုပ်ငန်းဖြစ်သောကြောင့် တိုင်းဒေသကြီးအဆင့်မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုအဆင့်မှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ထားကြောင်း၊ မိမိတို့အနေဖြင့် အနည်းငယ်ကျန်ရှိနေသော မြေယာလွှဲပြောင်းမှုကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် များစွာအထောက်အကူဖြစ်စေသည့် စီမံကိန်းကြီးဖြစ်၍ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ရန်ကုန်မြို့သစ် စီမံကိန်းသည် ရန်ကုန်မြို့၏ အနောက်တောင်ဘက်ဒေသဖြစ်သော ပန်းလှိုင်မြစ်နှင့် တွံတေး-တူးမြောင်းအကြား၊ လှိုင်မြစ်နှင့် လှိုင်သာယာ-တွံတေးကားလမ်းအကြား တွံတေးမြို့နယ်မှ မြေဧရိယာ ၁၈၅၂၇ဧက၊ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ၄၉၇ ဒသမ ၉၄ဧက၊ ကြည့်မြင်တိုင်မြို့နယ်မှ ၁၆၉၅ ဧက စုစုပေါင်း ၂၀၇၁၉ ဒသမ ၉၄ ဧကကို ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ရန် လျာထားဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။



ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လှိုင်သာယာအရှေ့ပိုင်းမြို့နယ် ကျုံစုကျေးရွာအနီးရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဌာန အမည်ပေါက် မြေဧရိယာ ၂၃၈ ဧက၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ် ကမ်းပြိုကျေးရွာအနီးရှိ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်မည့် မြေဧရိယာ ၁၃၁ ဧကနှင့် ပန်းလှိုင်မြစ်တိမ်ကောနေပြီး ရေစီးဆင်းမှုမရှိသည့်အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**



# ဟားခါး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ဟားခါး မတ် ၃၁**

သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အသက် ၆၀ နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဟားခါးမြို့ရှိ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် မြို့တော်ခန်းမ၌ မတ် ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့် လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဆောင်ရွက်ပေးခဲ့ပြီး သံဃာတော် ၁၈ ပါး၊ သီလရှင်သုံးပါး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အသက် ၆၀ နှင့်အထက်ရှိသူများအား ထိုးနှံပေးခဲ့ကြကာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တွင် တစ်ပြိုင်နက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

# လမ်းပန်းဆက်သွယ်ရေးလွယ်ကူလျင်မြန်ချောမွေ့စေရေး လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၃၁**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် မတ် ၂၉ ရက် နံနက်ပိုင်းက ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက် လမ်းတံတား လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော နောင်ကမြိုင်-နောင်လှ-ကော့မန်-ကမော့ဒေါ-ကော့ဖန်ရ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ပြည်ထောင်စုရန်ပုံငွေ ၇၂ ဒသမ ၆၃ သန်းဖြင့် ၁၄ ပေအကျယ် ကွန်ကရစ်လမ်းနှစ်မိုင်ခင်းခြင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ကော့ဖန်ရ-မင်းဗီ ကျေးရွာချင်းဆက် မြေသားလမ်း ခြောက်ဖာလုံ ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်နှင့် တာဝန်ရှိသူများက မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည့်နေရာများတွင် Box Culvert များ ထည့်သွင်းဆောင်ရွက်ရန်နှင့် အဆိုပါလမ်းပိုင်းတွင်ပါရှိသော တံတားနှစ်စင်းကို မိုးမကျမီအပြီးတည်ဆောက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**





# ပဲခူးတိုင်းဒေသကြီးအတွင်း အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**ပဲခူး မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မတ်၃၀ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း အကျိုးတူပူးပေါင်း လယ်ယာစိုက်ပျိုးရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ ကျင်းပသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ဝန်ထမ်းများ၊ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာလျှင် အချိန်တိုအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းသို့ပူးပေါင်းဆောင်ရွက်ရာတွင် အကျိုးတူ ပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ တောင်သူ လယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် စပါးပေါ်ချိန်တွင် ကုမ္ပဏီများမှ သတ်မှတ်နှုန်းထားများအတိုင်း ဝယ်ယူကြရန်နှင့် နိုင်မာသည့် စပါးဈေးကွက် တစ်ခုဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။ **တင်စိုး(ပဲခူး)**



# အချိန်နှောင်းသော်လည်း ကောင်းနေသေးသည့် ပြောင်းစိုက်ပျိုးရေး

**မင်းဘူး မတ် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာ တောင်သူများသည် အပူချိန်မြင့်မားပြီး အချိန်နှောင်းသလိုလိုရှိသော်လည်း စိုက်ပျိုးလိုက်သည့်အခါ ပြောင်းပင်များ အောင်မြင်ဖြစ်ထွန်းကာ အဖူး အပွင့်များ ဝေဆာပြီး ဖွံ့ထွားမှုများရှိသောကြောင့် ဖူးစားပြောင်းများကို ထပ်မံစိုက်ပျိုးသူများလည်းရှိကြောင်း ပြောင်းစိုက်ပျိုးသူများထံမှ သိရသည်။

ဖူးစားပြောင်းများစိုက်ပျိုးရာတွင် အစိုဓာတ်ကောင်းစွာရရှိရန် လိုအပ်သည်။ နွေနှင့်ဆောင်းရာသီတို့တွင် စိုက်ပျိုးလျှင် ရေသွင်း၍ မြေအစိုဓာတ်လုံလောက်စွာရရှိရန် ပြုလုပ်ပေးရသည်။ စိုက်ပျိုးပြီး အပင်များကြီးထွား၍ ဝတ်ဆံတည်ချိန်တွင် အပင်များကိုထိခိုက်ပြီး ဝတ်ဆံကြွေလွင့်မသွားအောင် ဂရုစိုက်ပေးရသည်။ ဝတ်ဆံများပျက်စီးပြီး ကြွေကျသွားပါက ပြောင်းဖူးစေ့အောင်မြင်မှု လျော့ကျသွားနိုင်သောကြောင့် ဖြစ်သည်။

ဖူးစားပြောင်းများကို စိုက်ပျိုးပြီး နှစ်လအကြာတွင် ဖူးစပြုပြီး သုံးလအတွင်းခူတ်၍ ရောင်းချနိုင်သည်။ လက်ရှိပြောင်းဖူးဈေးနှုန်းများမှာ လက်လီဈေး တစ်ဖူးလျှင်ကျပ် ၁၀၀၊ လက်ကားဈေးကျပ် ၈၀ ရှိသည်။ ပြောင်းဖူးပင်များကို စနစ်တကျ စိုက်ပျိုးထားပါက ပြောင်းဖူးအထွက်နှုန်းများ ပို၍ကောင်းစေသည်။

ပြောင်းဖူးများ စိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက် အစေ့ချစိုက်ပျိုးခြင်းစသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက်အစေ့ချ၍ စနစ်တကျစိုက်ပျိုးခြင်းဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ပြုလုပ်ပေးနိုင်သည့်အတွက် ပြောင်းဖူးပင်များ ပို၍ရှင်သန်ကြီးထွားပြီး အဖူးများကိုလည်း ချောစေသည်။

ပြောင်းဖူးပင်များမှာ တစ်ဧက အပင်ရေ ၁၀၀၀၀ ဝန်းကျင်ခန့်ရှိပြီး တစ်ပင်လျှင် သုံးဖူးအထိဖူးကာ ပြောင်းစိုက်ပျိုးသူများ အဆင်ပြေကြကြောင်း သိရသည်။

**ဧယျာထက် (မင်းဘူး)**

# ငဖဲမြို့တွင် ငွေနှင်းမှိုစိုက်ပျိုးခြင်းဖြင့် မိသားစု တစ်ပိုင်တစ်နိုင်အပိုဝင်ငွေရရှိ

**ငဖဲ မတ် ၃၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ကျောင်းတွင်းရပ်ကွက် စည်ပင်ကွက်သစ်ရပ်တွင် မိမိအိမ်ခြံဝင်းအတွင်း မိသားစုတစ်ပိုင်တစ်နိုင် ငွေနှင်းမှိုများကို စိုက်ပျိုးရောင်းချခြင်းဖြင့် ပုံမှန်အပိုဝင်ငွေရရှိနေကြောင်း သိရသည်။

ငွေနှင်းမှိုစိုက်ပျိုးမည်ဆိုပါက မှိုထုပ်၏ ထိပ်ဝမျက်နှာပြင်အပေါ်ရှိ ပလတ်စတစ် အနားများကို ဓားသန့်သန့်ဖြင့် လှီးဖြတ်ပြီးလျှင် တစ်ဆင့်နှင့်တစ်ဆင့် တစ်ပေခွဲ အကွာအဝေးရှိသော ဝါးစင်၊ သစ်သားစင်၊ သံစင်များအပေါ်တွင် အထုပ်များကို ထောင်၍သော်လည်းကောင်း၊ လှဲ၍လည်းကောင်းထားပြီး လှဲ၍ထားလျှင် နှစ်ဆင့် ထပ်ထားနိုင်ကြောင်း၊ အအေးကြိုက်၍ နေ့စဉ်ပုံမှန် ရေပန်းခရားငယ်ဖြင့် ရေလောင်းပေးရကြောင်း၊ ရေလောင်းလျှင် အထုပ်အတွင်း ရေမဝပ်ရန် ဂရုစိုက်ရပြီး ရေဝပ်ပါက မှိုထုပ်များ ပုပ်ရိသွားနိုင်ကြောင်း၊ မှိုထုပ်များစဖွင့်ပြီး သုံးရက်မှ ခုနစ်ရက်တွင် မှိုပွင့်ငယ်ကလေးများထွက်လာပြီး သုံးရက်မှ လေးရက်ခန့်တွင် ခူးဆွတ်၍ရကြောင်း သိရသည်။



ငွေနှင်းမှိုပျိုးပင်များကို မိမိခြံဝင်းအတွင်း ၁၀ ပေပတ်လည်အဆောက်အအုံတွင် ပျိုးထုပ်ပေါင်း ၇၀၀ ခန့်စိုက်ပျိုးထားရှိရာ ခြောက်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ သုံးရက်ခြားတစ်ခါ ငါးပိဿာခန့် ခူးဆွတ်ရပြီး ငွေနှင်းမှို ၁၀ ကျပ်သားလျှင် ငွေကျပ် ၈၀၀ ဖြင့်ရောင်းချရသဖြင့် ပုံမှန်အပိုဝင်ငွေ ရရှိကြောင်း ငွေနှင်းမှိုစိုက်ပျိုးရောင်းချသူ ဒေါ်ဝေနှင်းက ပြောကြားသည်။

အဆိုပါငွေနှင်းမှိုကို အသား၊ ငါး၊ ဟင်းသီးဟင်းရွက်တို့ဖြင့်ကြော်၍ လည်းကောင်း၊ သုပ်၍လည်းကောင်း စားသုံးနိုင်ပြီး မုန့်နှစ်တွင် စိတ်ပိုင်းထားသောမှိုကို နှစ်၍ အကြွပ်ကြော်၍ စားသုံးနိုင်ပြီး အာဟာရဓာတ်များစွာပါဝင်ကြောင်း သိရသည်။

ငဖဲမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲမှ ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းများကိုသင်ကြားပို့ချပေးလျက်ရှိရာ မှိုစိုက်ပျိုးရေး ဝါသနာပါသူများအနေဖြင့် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ဇန်းမောက်မြို့နယ်ထွက် ထိုင်ဝမ်ဖရဲသီးများ ရောင်းအားကောင်း

**ဇန်းမောက် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးဇန်းမောက်မြို့နယ်ထွက် ထိုင်ဝမ်ဖရဲသီးကျားများရောင်းအားကောင်း၍ထိုင်ဝမ်ဖရဲသီးကျားစိုက်ပျိုးကြသူတောင်သူတချို့ အပိုဝင်ငွေများရရှိနေကြသည်။

ထိုင်ဝမ်ဖရဲသီးကျား မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀၀ ပေးဝယ်ရကာ ဇန်းမောက်မြို့ပတ်ဝန်းကျင်နှင့် ကျေးလက်ဒေသအချို့ရှိ လယ်ယာမြေများနှင့် ချောင်းကမ်းဘေးယာမြေများ၌ စပါးများရိတ်သိမ်းပြီးချိန် စိုက်ပျိုးကြကာ စိုက်ပျိုးပြီး ရက်ပေါင်း ၁၀၀ အတွင်း အသီးများသီးကာ မြို့ပေါ်ရပ်ကွက်များရှိ လမ်းဘေးများ၊ ကျေးလက်ဒေသများသို့ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် သယ်ဆောင်ကာ အလုံးအကြီးအသေးအလိုက်ဈေးကွက်ငွေကျပ် ၂၅၀၀ မှ ၄၀၀၀ ထိ ရောင်းချရပြီး နှစ်စဉ်အပိုဝင်ငွေ ၁၀ သိန်းမှ ၁၅ သိန်းကျော်အထိ ရရှိကြောင်း သိရသည်။

"ကျွန်မတို့ ဇန်းမောက်မြို့နယ်ကထွက်တဲ့ ထိုင်ဝမ်ဖရဲသီးကျားက လတ်ဆတ်ပြီး ချိုလည်းချိုတယ်၊ ဓာတုဗေဒဆေးတွေသုံးတာလည်း မရှိဘူး၊ စားလို့လည်းကောင်းတော့ ဝယ်စားကြတဲ့သူတွေ များကြတယ်၊ အရွယ်အစားအကြီးအသေးအလိုက် ကျပ် ၂၅၀၀၊ ၄၀၀၀ အထိ ပေးဝယ်စားရတာပါ" ဟု မဇင်မာထက်အောင်က ပြောကြားသည်။

ယခင်က ဇန်းမောက်မြို့နယ်တွင် ဖရဲစိုက်ပျိုးသောတောင်သူများမရှိသဖြင့် ကသာမြို့တစ်ဖက်ကမ်းမှ စိုက်ပျိုးရောင်းချလာသော ဖရဲသီးများကိုသာ တစ်လုံးလျှင် ငွေကျပ် ၂၀၀၀၊ ၂၅၀၀ ပေး၍ ဝယ်စားကြရပြီး ယခုအခါ ဇန်းမောက်ပတ်ဝန်းကျင်နှင့် ကျေးလက်ဒေသအချို့တွင် စိုက်ပျိုးလာကြသဖြင့် ဖရဲစိုက်တောင်သူများ နှစ်စဉ်အဆင်ပြေကြကြောင်း သိရသည်။

**လှိုင်ဘွား(ဇန်းမောက်)**

# ကျောက်ဆည်မြို့နယ်တွင် တိုင်ထောင်ပဲစိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရ

**ကျောက်ဆည် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူအချို့သည် တိုင်ထောင်ပဲတောင့်ရှည် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အခုအချိန်က ပဲတောင့်ရှည်ထွက်တဲ့အချိန်ဆိုတော့ နေ့စဉ်ခူးဆွတ်ရောင်းနေရပါတယ်၊ မခူးဖြစ်လို့ ပဲသီးတွေရင့်သွားရင် ဝယ်တဲ့သူတွေက မကြိုက်ကြဘူး။ တစ်ရက်ကို အချိန် ၂၇ ပိဿာလောက်ရပါတယ်။ ရောင်းတာတော့ အဝယ်ဒိုင်ကိုသွင်းတာပါ။ ဈေးကတော့ တစ်ပိဿာကိုကျပ် ၈၀၀ ရပါတယ်" ဟု တိုင်ထောင်ပဲ စိုက်ပျိုးသည့် ဒေါ်အေးမိစံက ပြောကြားသည်။

ပဲတောင့်ရှည်သည် နုန်းမြေ



တွင် ကောင်းစွာဖြစ်ထွန်းကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၇၀ တွင် စတင်ခူးဆွတ်ရကြောင်း၊ ရွက်စားပိုးနှင့် သီးလုံးဖောက်ပိုးများ ကြိုက်နှစ်သက်သည့် အပင်ဖြစ်သောကြောင့် နေ့စဉ်စိုက်ခင်းအား မပြတ်ကြည့်ရှုရပြီး လိုအပ်သည့်အချိန်တွင် ဆေးဖျန်းပေးရကြောင်း၊ မျှားနီပဲတောင့်ရှည်မျိုး နှစ်ထုပ် စိုက်ပျိုးပါက မိသားစုတစ်ပိုင်တစ်နိုင်လုပ်နိုင်သဖြင့် ကုန်ကျစရိတ်နည်းပါးကာ ရက်ရှည်ခူးဆွတ်ရောင်းချရသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း၊ စတင်ခူးဆွတ်သည့်နေ့တွင် ငါးပိဿာခန့် ခူးဆွတ်ရပြီး အသီးဖြိုင်ချိန်တွင် ပိဿာချိန် ၇၀ မှ ၈၀ အထိ ခူးဆွတ်နိုင်ကြောင်း သိရသည်။

**သက်မောင် (ကျောက်ဆည်)**

# သီးနှံများအောင်မြင်ဖြစ်ထွန်းစေရန် ပျားများဖြင့်ဝတ်မှုန်ကူးခြင်း ဆောင်ရွက်ပေးလျက်ရှိ

**စဉ့်ကိုင် မတ် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ သီးနှံများဖြစ်ထွန်းအောင်မြင်စေရန် ပျားများဖြင့် ဝတ်မှုန်ကူးပေးလျက်ရှိကြောင်း သိရသည်။

သီးနှံများအထွက်နှုန်းကောင်းမွန်စေရန် ပျားမွေးမြူရေးသည် ပျားနှင့် ဝတ်မှုန်ကူးခြင်းဖြင့် သီးနှံအထွက်တိုးစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်ပြီး တောင်သူလယ်သမားများ သဘောပေါက်နားလည်အောင် လက်တွေ့ပြသ ရှင်းလင်းခြင်း၊ သီးနှံများအဖူးစထွက်ချိန်တွင် ပျားပုံးများ ချထားပေးရကြောင်း စဉ့်ကိုင်မြို့နယ် ပျားမွေးမြူရေးဌာန ဦးစီးအရာရှိ ဦးသိန်းကိုက ပြောကြားသည်။

အင်းဆက် လောကတွင် ပျားသည် ဝတ်မှုန်ကူးစွမ်းဆောင်ရည် အမြင့်ဆုံးသော လူသားအကျိုးပြု သတ္တဝါဖြစ်ကြောင်း ပတ်ဝန်းကျင် ဂေဟစနစ်များ ပျက်စီးဆုံးရှုံးခြင်းများ၏ကွက်လပ်များကို ဖြည့်ဆည်းပေးသော ပတ်ဝန်းကျင် ထိန်းသိမ်းရေး စွမ်းဆောင်မှု ကမ္ဘာမြေအကျိုးပြု သတ္တဝါဖြစ်ကြောင်း သီးနှံမျိုးစုံတို့၏ပန်းပွင့်များကို ပျားသတ္တဝါများမှ အဖိုအမ ဝတ်မှုန်ကူးပေးခြင်းဖြင့် စိုက်ခင်းပိုင်ရှင်များ၏ သီးနှံအရေအတွက်နှင့် အရည်အသွေးပါ တိုးတက်ရရှိစေသော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်းသန်း (စဉ့်ကိုင်)**



## ဝန်းသိုမြို့နယ်၌ စက်ရေတွင်း၊ ရေကန်နှင့် ရေစက်ရုံများ တည်ဆောက်

**ဝန်းသို မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လေးလက်မစက်ရေတွင်းများတူးဖော်ပေးလျက်ရှိရာ ခပ်ချိုကျေးရွာတွင် စက်ရေတွင်းတူးဖော်အောင်မြင်ပြီး၍ ရေကန်နှင့် ရေစက်ရုံများတည်ဆောက်မှုကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတစ်ခုနှင့် အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခုတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အသုံးပြုရန်မီးစက်နှင့် ဒိုင်နမိုတပ်ဆင်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ပြီးဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါက အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၄၃၀ကျော်တို့အတွက် သောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူစင်**

## အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက ထိတိုလိုကျေးရွာ သဒ္ဓမ္မကာရီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင်ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများအား ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၂၀ အား ကျွမ်းကျင်သင်တန်းနည်းပြ ဆရာများက မတ် ၁၀ ရက်မှ ၃၀ ရက်ထိ ရက် ၂၀ ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

## ဘူးသီးတောင်မြို့နယ်၌ ကျေးလက်အိမ်ရာနှင့် ရေပေးရေးလုပ်ငန်းများဆောင်ရွက်



**စစ်တွေ မတ် ၃၁**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေနှင့် ပြည်ထောင်စု မွမ်းမံရန်ပုံငွေတို့ဖြင့် တန်ဖိုးနည်း ကျေးလက်အိမ်ရာနှင့် ကျေးလက်ရေပိုက်လိုင်းပြုပြင်ခြင်း၊ ပိုက်ထောက်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည် ကျေးရွာအုပ်စု ဂန္ဓမာကျေးရွာတွင် ပြည်နယ်ရန်ပုံငွေ ၅၃၀ ဒသမ ၆၉၉ ကျပ်သန်းဖြင့် တန်ဖိုးနည်း ကျေးလက်အိမ်ရာ အလုံး၆၀နှင့်အင်းဖောက်ကျေးရွာတွင် ခွင့်ပြုငွေကျပ် ၈၈ ဒသမ ၈၀ ကျပ်သန်းဖြင့် တန်ဖိုးနည်းအိမ်ရာ ၁၀ လုံး တည်ဆောက်လျက်ရှိသည်။

ထို့နည်းတူ လောင်းချောင်း ကျေးရွာအုပ်စု လောင်းချောင်း ကျေးရွာတွင် ပြည်ထောင်စုမွမ်းမံရန်ပုံငွေကျပ် ၄ ဒသမ ၈၅၀ သန်းဖြင့် ရေပိုက်လိုင်းပြုပြင်ခြင်းနှင့် ပိုက်ထောက် တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဘူးသီးတောင်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က မတ် ၃၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြပြီး အရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ဖန်းမောက်မြို့၌ မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင် တည်ဆောက်ပြီးစီး

**ဖန်းမောက် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့တွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ တိုးချဲ့နှစ်ထပ်ဆောင်ကိုတည်ဆောက်ခဲ့ရာ ယခုအခါတည်ဆောက်ပြီးစီးသွားပြီဖြစ်၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဆေးရုံတိုးချဲ့နှစ်ထပ်ဆောင်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၄၄၁ ဒသမ ၁ သန်းဖြင့် လွှမ်းမိုးအောင်မြင်ကုမ္ပဏီက တာဝန်ခံဆောက်လုပ်ခဲ့သော တိုးချဲ့နှစ်ထပ်ဆောင် ဆေးရုံကြီးဖြစ်သည်။

ယခုလက်ရှိမြို့နယ်ပြည်သူ့ဆေးရုံမှာခုတင် ၂၅ ဆံ့သည့်ဆေးရုံဖြစ်ပြီး ဆေးကုသလူနာများ များပြားလာပါက ခုတင်များမဆံ့သောကြောင့် လူနာများမှာ ဆေးရုံဝရန်တာများတွင် ခုတင်များချပြီး နေထိုင်ရခြင်းနှင့် လူနာစောင့်များမှာ သစ်ပင်ရိပ်များ၊ သံမံတလင်းများတွင်ဖျာများခင်း၍ နေထိုင်ရကြောင်း သိရသည်။

ယခုအခါ ခုတင် ၅၀ ဆံ့ ခွဲစိတ်ခန်းနှင့် မွေးဖွားခန်းပါ မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့နှစ်ထပ်ဆောင်ကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဖွင့်လှစ်ပြီးပါက မြို့နယ်ပြည်သူ့ဆေးရုံရှိကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဖန်းမောက်မြို့ပြည်သူများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်သည်။

**လှိုင်ဘွား(ဖန်းမောက်)**

## ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းရှိ ဆင်များအတွက် ဆင်စာဘူဖေး လာရောက်လှူဒါန်း



**ညောင်ဦး မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းအား ယာယီပိတ်ထားလျက်ရှိရာ အဆိုပါ ဆင်စခန်းရှိ ဆင်များအစာဖူလုံစေရေးအတွက် ရပ်ဝေးရပ်နီးမှ ဆင်ချစ်သူများက ဆင်စာဘူဖေး ကျွေးမွေးလှူဒါန်းကြကြောင်း သိရကာ မတ် ၂၉ရက် နံနက်ပိုင်းက (မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် ၊တပေါင်းလပြည့်နေ့) ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ သက်တော် (၈၁) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အဖြစ် ပခုက္ကူမြို့မှ အလှူရှင်မိသားစုက ဆင်စာဘူဖေး လာရောက်ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းအား ကိုဗစ် - ၁၉ရောဂါကြောင့် လူစုလူဝေး မဖြစ်စေရေးအတွက် ယနေ့အချိန်ထိ ယာယီပိတ်ထားခဲ့ရာ ဆင်စခန်းရှိ ဆင်များ အစားအစာ ဖူလုံစေရန်အတွက် ရပ်ဝေးရပ်နီးမှ ဆင်ချစ်သူများက ဆင်စာဘူဖေး လှူဒါန်းပေးနေကြောင်း၊ ထိုသို့ ဆင်စာဘူဖေးများ လှူဒါန်းရာတွင် ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကို ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က ဆင်စာဘူဖေးအား အဆင်ပြေစွာ လှူဒါန်းနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယမန်နေ့က ပခုက္ကူမြို့မှ အလှူရှင်တစ်ဦးက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၏ သက်တော် (၈၁) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ဆင်စာဘူဖေး ကျပ်၁၀၀၀၀၀ နှင့် ဆင်စခန်းရှိ ဝန်ထမ်းများ အတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းရာ ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုနှင့် ဝန်ထမ်းများက ဆင်စာဘူဖေးကျွေးမွေးခြင်းများ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

## အထက်တန်းနှင့် အလယ်တန်း (သင်ရိုးသစ်) မွမ်းမံသင်တန်းဖွင့်လှစ်

**မြင်းမူ**

အခြေခံပညာအထက်တန်းနှင့် အလယ်တန်းဆင့်(သင်ရိုးသစ်)မြို့နယ်အဆင့် မွမ်းမံသင်တန်းကို မတ် ၃၀ ရက် နံနက် ၉ နာရီက စစ်ကိုင်းခရိုင် မြင်းမူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ အထက်တန်းနှင့်အလယ်တန်းဆင့် ဘာသာရပ်ဆိုင်ရာသင်ကြားရေးဆရာများ တက်ရောက်သင်ကြားလျက်ရှိပြီး ဘာသာရပ် ၁၈ မျိုးအား သင်ရိုးသစ်သင်ကြားနိုင်ရေးအတွက် အထက်တန်းဆင့် Grade-10 နှင့် အလယ်တန်းဆင့် Grade-7 (သင်ရိုးသစ်) ဘာသာရပ်များကို သုံးရက်ကြာသင်ကြားပေးခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဝေက ပြောကြားသည်။

**အောင်စိုးဖေ(မြင်းမူ)**

**တောင်ငူ**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်၌ အထက်တန်းအဆင့် နဝမတန်း (Grade – 10 ) နှင့် ဆဋ္ဌမတန်း (Grade –7) သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်းကို မတ် ၃၀ ရက် နံနက် ၉ နာရီက အမှတ် (၁) နှင့် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတို့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သင်ရိုးသစ် မြို့နယ်အဆင့် မွမ်းမံသင်တန်း၌ နဝမတန်း (Grade –10) သင်ရိုးသစ် သင်တန်းတွင် နည်းပြ ၂၆ ဦး၊ သင်တန်းသား သင်တန်းသူ ၂၃၃ ဦး ဆဋ္ဌမတန်း (Grade – 7) သင်ရိုးသစ် သင်တန်းတွင် နည်းပြ ၂၇ ဦး၊ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၈၅၄ ဦးရှိပြီး သင်တန်းကာလမှာ သုံးရက်ကြာသင်ကြားသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ



နေပြည်တော် မတ် ၃၁

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ရေနီကန်ကျေးရွာရှိ ကျော်စွာထူး(ခ)ကျော်ထူး (ဘ) ဦးကျော်ဝင်း၏ နေအိမ်၌ ၎င်းနှင့်အတူ ကျော်ဇင်ဦး(ဘ)ဦးလုကာအား လက်လုပ်သေနတ်တစ်လက်၊ ဓားသုံးချောင်း၊ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြား၊ အခြားဆက်စပ်ပစ္စည်းနှင့်လည်းကောင်း၊ မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် ဖက်ခင်းလမ်းရှိ စောကိုမောင်(ခ)မျိုးမင်းထိုက် (ဘ)ဦးမြင့်သန်း၊ ၎င်းနှင့်ကပ်လျက်နေအိမ်မှ မျိုးသန်းဆွေ(ဘ)ဦးသန်းဌေးနှင့် မဆွေဆွေလှိုင်(ဘ)ဦးကြည်ဝင်းတို့အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၉ ပြား၊ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်၊ သပြေခြံလမ်း၊ သီဟရာဇာသဲကွင်း၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများအားလည်းကောင်း၊ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် မိုးကောင်းလမ်း တိုက်(၂) အခန်း(ဒီ/လေး)၌ ကိုဘိုကြီး(ဘ) ဦးဖေတင်၊ သူရကျော်(ဘ) ဦးအောင်ဇော်မင်း၊ မင်းစွမ်း(ခ) မင်းသန့်(ဘ)ဦးအေးလွင်တို့ သုံးဦးအား ဓားမြှောင်ရှည်တစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ကမာရွတ်မြို့နယ် (၃)ရပ်ကွက် ဗဟိုလမ်း အမှတ်(၁၁၁) မြေညီထပ်၌ ဦးမျိုးဟန်ကျော် (ဘ)ဦးတင်ဝင်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀) ဒုတ္တဝတီလမ်း၊ နဝရတ်လမ်းနှင့် ရတနာလမ်းကြားရှိ ဇော်ထွန်း (ခ) မော်ထွန်း၏နေအိမ်၌ လက်လုပ်မိုင်း တစ်လုံး၊ မီးပုလင်း ၁၀ လုံး၊ အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ပုဂံမြို့ဟောင်း တောင်ဘီကျေးရွာရှိ လူမနေသည့်ခြံဝင်းအတွင်းမှ လက်လုပ်သေနတ် ၂၆ လက်နှင့် အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် သီပေါမြို့နယ်၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များက ဇတ်စုရပ်ကွက်အနီး စက္ကူဘူးအတွင်း၌ လက်ပစ်ဗုံး တစ်လုံးအားလည်းကောင်း၊ တောင်ကြီးမြို့ မြို့မ ရပ်ကွက် တူးမြောင်းလမ်းရှိ Noe JPO တည်းခိုခန်း ရှေ့ရှိ ရွက်လှပန်းချုံအတွင်း၌ အသံဗုံးတစ်လုံးအား လည်းကောင်း၊ ထားဝယ်မြို့ ဈေးတောဝရပ်ကွက် မြို့ဝင်စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဝင်/ထွက်မှုများ စစ်ဆေးဆောင်ရွက်စဉ် မြေတ္တာမြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသည့် ယာဉ်အမှတ်၊ MDY 4N/------ Nissan အမျိုးအစား ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ မောင်မောင်ဝင်း (ဘ)ဦးအောင်မြင့်စိန်အား ၃၂ ဗိုပစ္စတို တစ်လက်၊ ၎င်းကျည် ရှစ်တောင့်နှင့်လည်းကောင်း၊ ကျောက်မော် ရပ်ကွက် ကျန်းမာရေးလမ်း၌ ကိုဇေ(ခ)ဇေလင်းဦး (ဘ) ဦးသန်းညွှန့် မောင်းနှင်ပြီး မရတနာချို (ခ) နှင်းဆုလှိုင် (ဘ) ဦးအောင်သိန်း စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းတို့နှစ်ဦးအား ပါရာပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခုနှင့် အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်း အမှတ်(၆)မြေညီထပ်ရှိ NLD ရပ်/ကျေးအတွင်းရေးမှူးဖြစ်သူ ဦးဇော်ဝင်းဖြိုး (ဘ)ဦးဗိုလ်ဝင်းအား ၎င်းပိုင်ဆိုင်သော ဖြိုးစတိုးဆိုင်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်း ရပ်ကွက် စည်ပင်ဝင်း လိုင်း(၉) အခန်း(၆)၌ ဒေါ်ကေသီ (ဘ)ဦးကာဆင်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ လိုင်း(၁၉) အခန်း(၄)ရှိ မင်းစိုး (ခ) နာဂစ်နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများအားလည်းကောင်း၊ ပုတောမြို့ အရှေ့ပိုင်း ရပ်ကွက်ရှိ ဝေမင်းကို(ဘ)ဦးဘိုချုပ်အား ၎င်း၏ နေအိမ်၌ လက်လုပ်သေနတ် တစ်လက်ဖြင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် လုံခြုံရေးတာဝန်ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား အကြမ်းဖက်သူလူအုပ်စုက အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါဒေသတွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် ငြိမ်းချမ်းစွာနေထိုင်သွားလာလိုသော ပြည်သူလူထုများ အနှောင့်အယှက်ဖြစ်စေရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအား တားဆီးနှောင့်ယှက်ရန် ရည်ရွယ်ချက်များဖြင့် တစ်မြို့နှင့် တစ်မြို့ သွားလာမှုများ၊ တစ်ရွာနှင့် တစ်ရွာသွားလာမှုများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဆက်စပ်သွားလာနေသော လမ်းမကြီးများကို အတားအဆီးမျိုးစုံအသုံးပြု၍ အနိုင်အမာပိတ်ဆို့ထားခြင်းများ ပြုလုပ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နှောင့်ယှက်ဟန့်တားခြင်းများကို ပြင်းပြင်းထန်ထန် တုံ့ပြန်ပြုမူဆောင်ရွက်လာကြသည်ကို တွေ့ရသည်။

ယနေ့ နံနက် ၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးသွားလမ်း မိုင်တိုင်အမှတ် (၅၂/၃)ရှိ ကမ်းပါးနီတံတားအား ဆူပူအကြမ်းဖက်သူများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ထိုသို့ ဖောက်ခွဲပျက်စီးသွားသည့် ကမ်းပါးနီတံတားသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ တံတားထိပ်တစ်ဖက်ကမ်းမှ အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က တူမီးသေနတ်များ၊ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်ရန်ပြုတိုက်ခိုက်လာခဲ့သဖြင့် လူစုလူဝေးဖြိုခွဲခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့ပြီး အကြမ်းဖက်သူများအနက် အမျိုးသား တစ်ဦးအား လက်လုပ်သေနတ် တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အကြမ်းဖက်သူများက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ကမ်းပါးနီတံတား၏ အလယ်ကြမ်းခင်း၌ တစ်ပေပတ်လည်ခန့် နှစ်နေရာ ပေါက်ပြဲပျက်စီးခဲ့ပြီး ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

အလားတူ မတ် ၃၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဂန့်ဂေါမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြစ်သာမြစ်ကူးတံတားထိပ်၌ စစ်ဆေးခြင်းများ၊ ဆောင်ရွက်နေစဉ် အမျိုးသားနှစ်ဦး(စီစစ်ဆဲ)က အမှတ်(၃)ရပ်ကွက် လမ်းသွယ်အတွင်းမှနေ၍ တူမီးသေနတ်ဖြင့် လာရောက်ပစ်ခတ်ထွက်ပြေးသွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။

အထက်ပါပစ်ခတ်မှု ဖြစ်ပွားသည့်နေရာသို့ အင်အားထပ်မံပူးပေါင်းဆောင်ရွက်နိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များထွက်ခွာလာစဉ် မြို့မရပ်ကွက် တောင်ကုန်းဘုန်းကြီးကျောင်းအနီး အရောက်၌ ဘုန်းကြီးကျောင်းအောက်ခြေ တောင်ကုန်းပေါ်မှ ဘုန်းကြီးတစ်ပါးနှင့် မျက်နှာဖုံးအုပ်ထားသည့် အကြမ်းဖက်သူ လူစုလူဝေးအင်အား ၁၀ ဦးခန့်က မြေနေရာအသာစီးရယူကာ တူမီးသေနတ်များဖြင့် ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာ အသီးသီးရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါအကြမ်းဖက်အဖွဲ့မှာ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အဆိုပါနေရာသို့ ပူးပေါင်းအဖွဲ့များ လိုက်လံရှင်းလင်းခဲ့ရာ ဘုန်းကြီးကျောင်းပတ်ဝန်းကျင်အနီး၌ ကျားကျေးရွာနေ မင်းမော်(၂၇)နှစ် (ဘ) ဦးထော်ဦးအား ထိခိုက်ဒဏ်ရာရရှိသေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်းအနီးမှ တူမီးသေနတ် တစ်လက်၊ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ လက်လုပ်မိုင်း တစ်လုံး၊ ဖုန်းတစ်လုံး၊ လေးခွတစ်လက်၊ ဓားတစ်ချောင်း၊ မူးယစ်ဆေးဝါးဟု ယူဆရသော အမှုန့်များ ထည့်ထားသည့် ဆေးထိုးပိုက်နှစ်ခု၊ ခဲသီး ၁၀ လုံး၊ စတီးဘောစ် ၁၃ လုံး၊ ယမ်းမှုန့်ဘူး တစ်ဘူးတို့အား လည်းကောင်း၊ ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ပစ်ပြီးသား ကိုးလုံးကျည်ခွံ လေးခု၊ မပစ်ရသေးသည့် ကိုးလုံးကျည် တစ်တောင့်၊ လက်လုပ်ဗုံး နှစ်လုံး၊ လက်လုပ်မိုင်း နှစ်လုံး၊ ယမ်းထုပ် သုံးထုပ်၊ မီးလောင်ဗုံး ငါးလုံးနှင့် ရှူးဒိုင်း နှစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဂန့်ဂေါမြို့နယ် တောင်ခင်ရမ်းကျေးရွာအနီး လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များကို ဆူပူအကြမ်းဖက်သူအင်အား ၃၀၀ ခန့်က ယနေ့နံနက် ၉ နာရီတွင် တူမီးသေနတ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သောကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ဆုတ်ခွာသွားခဲ့သည်။ သို့သော်လည်း မွန်းလွဲပိုင်းတွင် ပြန်လည်စုဝေးလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လူစုလူဝေးအား ဖြိုခွဲခဲ့ပြီး ဆူပူအကြမ်းဖက်သူများအနက် ပြင်ပဒဏ်ရာရရှိခြင်းမရှိဘဲ နားစည်ကွဲသေဆုံးလျက်ရှိသော အမျိုးသားတစ်ဦးကို တူမီးသေနက် တစ်လက်၊ လက်လုပ်မိုင်း တစ်လုံးနှင့်လည်းကောင်း၊ အမျိုးသားနှစ်ဦးကို တူမီးသေနတ် တစ်လက်နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ကလေးမြို့ တာဟန်းရပ်ကွက် တာဟန်းမီးပွိုင့်အနီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် လေးဦးအား ဆူပူအကြမ်းဖက်သူများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် အဆိုပါတပ်ဖွဲ့ဝင်များ ပြန်လည်ရရှိရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေး လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှု၍ အကြမ်းဖက်အဖွဲ့အစည်း၏ ဆောင်ရွက်နေမှုများ နယ်မြေရှင်းလင်းရေးလုပ်ငန်းများအား ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမယ့် စီမံကိန်းအရ ဆူပူဆန့်ကျင်ရမယ့် သူတို့ လှုပ်ရှားမှုမှာ ဂိမ်းကစားသလို ထင်မှတ်ကာ ပါဝင်လိုကြတယ်။ သတိထားပါလေ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## လက်လုပ်သေနတ်များ၊ ဒူးလေးနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် မတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ မတ် ၃၀ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ခုနစ်လက်နှင့် လက်လုပ်သေနတ် ၁၁ လက်တို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြသည်။

အလားတူ မတ် ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်မှ ဒေသခံပြည်သူတစ်ဦးက ကော်ဒိုင်းကာ ၁၇ ခုနှင့် ရေတိုင်ကီအဖုံးလက်ကိုင်ငါးခုကို ၎င်း၏သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၃၁

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူ ဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘုမိဖသမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး၊ ဘုရားဒါယကာ ဒါယိကာမတို့က ဘုမိဖသာမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ဖူးမြော်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာဟန်ပုံစံများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘုမိဖသာမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်တို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၃၉၁၀၈၆၀၀၀၊ ၀၄၈-၃၁၀၀၅

(၂) ဒေါ်စောအေးကြည် ၀၉-၄၂၈၁၂၂၄၃၃၊ ၀၉-၂၅၅၂၅၂၂၀

အထွေထွေအုပ်ချုပ်ရေးလုပ်ငန်းကော်မတီ
ဘုမိဖသာမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။

## ဂျိုတာနဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ သွင်းဂိုးတွေနဲ့ လူဇင်ဘတ်ကို ပေါ်တူဂီအနိုင်ရရှိ

၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် မတ် ၃၀ ရက်ညပိုင်းက လူဇင်ဘတ်အသင်းနဲ့ ပေါ်တူဂီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ပေါ်တူဂီအသင်းက လူဇင်ဘတ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၄၅ မိနစ်မှာ ဂျိုတာက တစ်ဂိုး၊ မိနစ် ၅၀ မှာ စီရိုနယ်လ်ဒိုက တစ်ဂိုး၊ မိနစ် ၈၀ မှာ ပွန်ကယ်လ်ဗက်စ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပြီး လူဇင်ဘတ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် မိနစ် ၃၀ မှာ ရိုဒရီဂွက်စ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လူဇင်ဘတ်အသင်းနဲ့ ပေါ်တူဂီအသင်းတို့ပွဲစဉ်မှာ လူဇင်ဘတ်အသင်းဟာ ပေါ်တူဂီအသင်းကို ရှုံးနိမ့်ခဲ့တဲ့အပြင် အသင်းအတွက်အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ချာနေဘွလည်း ပွဲကစားချိန် ၈၆ မိနစ်မှာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ပေါ်တူဂီအသင်းဟာ လူဇင်ဘတ်အသင်းကိုအနိုင်ရရှိခဲ့တာကြောင့် အုပ်စု(A)မှာ သုံးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ရမှတ်ခုနစ်မှတ်ရရှိထားပြီး အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေကာ ဆားဘီးယားအသင်းကလည်း ပေါ်တူဂီအသင်းနဲ့ ရမှတ်ချင်း တူညီနေတာဖြစ်ပါတယ်။ လူဇင်ဘတ်အသင်းကတော့ သုံးမှတ်ရရှိထားပြီး အိုင်ယာလန်အသင်းနဲ့ အဇာဘိုင်ဂျန်အသင်းတို့ကတော့ နှစ်ပွဲကစားအပြီးမှာ ရမှတ်တစ်မှတ်မှ မရရှိသေးတာဖြစ်ပါတယ်။




## ကွင်းလယ်ကစားသမား ပေါ့ဘာ မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိ

ကွင်းလယ်ကစားသမား ပေါ့ဘာဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းကနေ ထွက်ခွာဖွယ်ရှိနေပြီး အသင်းဟောင်း ဂျူဗင်တပ်အသင်းဆီ ပြန်လည်ပြောင်းရွှေ့ကစားဖို့ ရှိနေတယ်လို့ သိရပါတယ်။

ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ၂၀၁၂ ခုနှစ်အတွင်းက မန်ယူအသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာတော့ မန်ယူအသင်းက ဂျူဗင်တပ်အသင်းဆီကနေ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ ပြန်လည်ခေါ်ယူခဲ့တာဖြစ်ပါတယ်။

အဲဒါကြောင့် ကွင်းလယ်ကစားသမား ပေါ့ဘာရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပေမယ့် ဂျူဗင်တပ်အသင်းက ပြန်လည်ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် မန်ယူအသင်းကနေ ထွက်ခွာဖို့ ပေါ့ဘာအနေနဲ့ စီစဉ်နေတယ်လို့ သိရပါတယ်။



ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ဂျူဗင်တပ်အသင်းနဲ့အတူ ဘောလုံးရာသီလေးရာသီကြာ ဖြတ်သန်းခဲ့ရာမှာ ဂျူဗင်တပ်အသင်းအတွက် ပြိုင်ပွဲစုစုပေါင်း ၁၇၈ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၄ ဂိုးသွင်းယူပေးနိုင်ခဲ့ကာ ဂိုး ၄၀ အထိ ဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

## နည်းပြ ဇီဒန်း ထွက်ခွာခဲ့ပါက ရာအူးလ်နဲ့ ဂျီအာချင်လိုကို ရီးယဲလ်မက်ဒရစ်ခေါ်ယူမည်

ရီးယဲလ်မက်ဒရစ်အသင်းဟာ လက်ရှိအသင်းနည်းပြ ဇီဒန်းထွက်ခွာခဲ့ပါက ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ဂန္ထဝင်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ရာအူးလ်နဲ့ ဂျာမနီနိုင်ငံလက်ရွေးစင် အသင်းနည်းပြ ဂျီအာချင်လိုတို့ထဲက တစ်ဦးကို ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။

နည်းပြဇီဒန်းရဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ တစ်နှစ်ကျန်ရှိနေပြီး ရီးယဲလ်မက်ဒရစ်အသင်းကတော့ စာချုပ်သစ်ချုပ်ဆိုဖို့ကြိုးပမ်းနေတယ်လို့သိရပါတယ်။

နည်းပြဇီဒန်းဟာ အခုနှစ်ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းကို စပိန်လာလီဂါပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်က အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ခြောက်မှတ်အကွာ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နိုင်ရေးနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နည်းပြဇီဒန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာမယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့တာကြောင့် ဘာရာဇီးနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂျာမနီနိုင်ငံ လက်ရွေးစင်အသင်းကို ကမ္ဘာ့ဖလား ချန်ပီယံဆုဖလားရရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ နည်းပြဂျီအာချင်လိုကို ခေါ်ယူဖို့ရီးယဲလ်မက်ဒရစ်အသင်းက ပြင်ဆင်လာတာဖြစ်ပါတယ်။

ဒါပြင် ရီးယဲလ်မက်ဒရစ်အသင်းဟာ အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၇၄၁ ပွဲအထိ ပါဝင်ကစားခဲ့တဲ့ တိုက်စစ်မှူးဟောင်း ရာအူးလ်ကိုလည်း နည်းပြဇီဒန်း ထွက်ခွာခဲ့ရင် အစားထိုးဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## နေ့စဉ် သတင်းမှန်၊ အမြင်မှန်၊ တကယ်အချက်အလက်မှန်များကို

## မှန်မှန် မြန်မြန် သိလိုပါသလား?

မြန်မာ့အလင်း
Myanma Alinn Daily

ကြေးမုံ
Kyemon Daily

The Global New Light of Myanmar

## ဖတ်ရှုနိုင်ပါပြီ။



ဆက်သွယ် မှာယူနိုင်ပါသည်-

မြန်မာ့အလင်း 01 – 9544 317, 09 – 4480 422 14

ကြေးမုံ 01 – 8292 830, 09 – 4500 255 70

The Global New Light of Myanmar
01 – 8604 532, 09 – 9839 249 91

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များမပါ)အား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ


ရန်ကုန်မြို့ပတ်ရထား နေ့စဉ်ပြေးဆွဲလျက်ရှိ
စာမျက်နှာ » ၈

ရုရှား၌ တိရစ္ဆာန်များအတွက် ကမ္ဘာ့ပထမဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မှတ်ပုံတင်
စာမျက်နှာ » ၁၃

ဂျိုတာနဲ့ စီရိုနယ်လ်ဒိုတို့ရဲ့ သွင်းဂိုးတွေနဲ့ လူဇင်ဘတ်ကို ပေါ်တူဂီအနိုင်ရရှိ
စာမျက်နှာ » ၂၉


# မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးသူအရေအတွက် တစ်သန်းကျော် ရှိသွားပြီဖြစ်

နေပြည်တော် မတ် ၃၁

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ရောဂါအား ထိန်းချုပ်၊ ကာကွယ်၊ ကုသမှုလုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံအတွက် ကာကွယ်ဆေးရရှိမှုအနေဖြင့် ပြည်ပနိုင်ငံများမှ လှူဒါန်းမှုအပါအဝင် ပထမအကြိမ် တစ်သန်းခွဲ၊ ဒုတိယအကြိမ် နှစ်သန်း စုစုပေါင်း ၃ ဒသမ ၅ သန်းကို လက်ခံရရှိထားခဲ့ပြီးဖြစ်သည်။

ယနေ့အချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့်လည်း ပထမအကြိမ်(First Dose)အတွက် ထိုးနှံပြီးသူဦးရေ တစ်သန်းကျော်နှင့် ဒုတိယအကြိမ်(Second Dose)အတွက် ထိုးနှံပြီးစီးသူဦးရေ လေးသောင်းခန့်ရှိပြီးဖြစ်သည်။

ကာကွယ်ဆေးစတင်ထိုးနှံစဉ်က ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးခဲ့ပြီး ဆက်လက်၍

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

# မန္တလေး-ဗန်းမော်သင်္ဘောခရီးစဉ် ပုံမှန်ပြန်လည်ပြေးဆွဲ



မန္တလေး မတ် ၃၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဧရာဝတီဌာနခွဲ(မန္တလေး)မှ မန္တလေး-ဗန်းမော်ခရီးလမ်းကို ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိရာ တစ်ပတ်လျှင် နှစ်ခေါက် (တနင်္လာ၊ ကြာသပတေးနေ့) ဂေါဝိန်ဆိပ်ကမ်းမှ နံနက် ၆ နာရီတွင် ထွက်ခွာပေးလျက်ရှိသည်။

မတ် ၂၉ ရက်တနင်္လာနေ့တွင် မန္တလေး-ဗန်းမော်ခရီးစဉ်အား ပင်လုံရေယာဉ်ဖြင့် ခရီးသည် ၁၁ ဦးနှင့် ကုန်တန်ချိန် ၃၂ တန်ဖြင့် ပြေးဆွဲခဲ့ပြီး ဗန်းမော်-မန္တလေးခရီးစဉ်အား ပြဒါးပျံရေယာဉ်ဖြင့် ခရီးသည် ရှစ်ဦးနှင့် ကုန်တန်ချိန် ၁၀ တန်ဖြင့် ပြေးဆွဲခဲ့သည်။

ဧပြီ ၁ ရက် ကြာသပတေးနေ့ နံနက် ၆ နာရီတွင် ထွက်ခွာရန် ပတိုင်းရေယာဉ်အဆင်သင့်ရှိပြီးဖြစ်သည်။ မန္တလေးမှ ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်မြို့များသို့ လိုက်ပါစီးနင်းလိုသူ ခရီးသည်များနှင့် ကုန်တင်ပို့လိုသူများအနေဖြင့် ဧရာဝတီဌာနခွဲရုံး ၀၂-၄၀၃၆၀၃၅ နှင့် ဆိပ်ကမ်းမှူး ၀၉-၄၄၄၆၅၃၁၃၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ချယ်လ်ဆီးအသင်းနှင့် ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်နှစ်ကျော့စလုံးကို စပိန်နိုင်ငံ ဆီဗီးလ်မြို့တွင် ကျင်းပမည်




အင်္ဂလန်ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းနဲ့ ပေါ်တူဂီကလပ်ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ် နှစ်ကျော့စလုံးကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်တွေကြောင့် စပိန်နိုင်ငံ ဆီဗီးလ်မြို့မှာ ကျင်းပသွားဖို့ရှိတယ်လို့ သိရပါတယ်။

အဆိုပါအသင်းနှစ်သင်းရဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်နှစ်ကျော့စလုံးကို စပိန်လာလီဂါကလပ် ဆီဗီလာအသင်းရဲ့ အိမ်ကွင်းဖြစ်တဲ့ ရာမန်ဆန်ချက်ဇ်ပစ်ဂျူအန်ကွင်းမှာ ကျင်းပသွားမှာဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့် နှစ်ကျော့စလုံးကိုကျင်းပမယ့်ရက် အပြောင်းအလဲမရှိဘဲ ဧပြီ ၇ ရက်နဲ့ ဧပြီ ၁၃ ရက်တို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာလည်း စပိန်နိုင်ငံ မက်ဒရစ်မြို့မှာ မကျင်းပနိုင်ခဲ့တာကြောင့် ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့မှာ သွားရောက်ကစားခဲ့ရတာဖြစ်ပါတယ်။

ပေါ်တူဂီဘောလုံးအဖွဲ့ချုပ်အပါအဝင် ပေါ်တိုအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပမယ့် ကွင်းအပြောင်းအလဲဖြစ်ပေါ်ခဲ့မှုကို ထောက်ခံခဲ့တဲ့အတွက်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲကို ဦးဆောင်ကျင်းပလျက်ရှိတဲ့ ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က ကျေးဇူးတင်ရှိပါကြောင်းလည်း ပြောကြားခဲ့ပါတယ်။ ငွေကြယ်